ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့၊ (28-6-2005) (၄၆၄၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အင်အား(၃)ရပ် ပေါင်းစည်းဆောင်ရွက်နေ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ကျေကျေပွန်ပွန်ထမ်းဆောင်

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့အစည်းအဝေးကို ယနေ့ နံနက် ၈နာရီ ၁၅မိနစ်တွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စတင်ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ညီလာခံ ပထမနေ့ အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗိုလ်ချုပ်စောထွန်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ပထမနေ့ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဘာပတိ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ပထမနေ့ အစည်းအဝေး နံနက်ပိုင်းအစီအစဉ်တွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်စောထွန်းနှင့် ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ အရာခံဗိုလ် မီမီမောင်ထွေးက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယအရာခံဗိုလ် အိရွှေစင်မင်းက ဆောင်ရွက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၈-၆-၂၀၀၅
(အင်္ဂါနေ့)

မူးယစ်ဆေးဝါးပပျောက်ရေး အမျိုးသားရေးအဖြစ်ခံယူ ရည်မှန်းချက်များ အောင်မြင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ဇွန်လ ၂၆ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ဝင်းအတွင်း သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပသတင်းစာဆရာများ၊ ဧည့်သည်တော်များ ရှေ့မှောက်တွင် ကျင်းပခဲ့သည်။

ကမ္ဘာ့လူသားမျိုးနွယ်အားလုံးကို လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါး အန္တရာယ်ပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံက အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။

ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကဏ္ဍတွင် လွန်ခဲ့သောငါးနှစ်မှစ၍ အရှိန်အဟုန်ပိုမိုရရှိလာပြီး ထူးထူးခြားခြား အောင်မြင်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်စေရန် တားဆီးနှိမ်နင်းရေးကဏ္ဍသာမကဘဲ စိုက်ပျိုးထုတ်လုပ်မှု လျော့ကျပပျောက်စေရန် (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမငါးနှစ်စီမံကိန်း ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် မူလလုပ်ငန်းတာဝန်များအဖြစ် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်ရေးနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးဟူသည့် လုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်နေပေသည်။

ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပန်းတိုင်သစ် စီမံကိန်းကိုလည်း ၂၀၀၂ ခုနှစ် ဧပြီလကစတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၂ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ်တွင် ၂၄ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်တွင် ၂၉ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်းဖော်ပြထားသည်။

ထို့အတူ မြန်မာ-အမေရိကန် ပူးပေါင်းပြီး ဘိန်းအထွက်နှုန်းတိုင်းတာရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၁၉၉၆ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ကိုးနှစ်တာကာလအတွင်း ဘိန်းထုတ်လုပ်မှု ၈၈ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းပြီး ဘိန်းစိုက်ပျိုးမှုမှာ ၈၁ ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားကြောင်း သုံးသပ်ဖော်ပြခဲ့သည်။

ယင်းကဲ့သို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာရခြင်းမှာ နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ခြင်း၊ တက်ကြွစွာကွပ်ကဲကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအာဏာပိုင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများ၏ နီးကြားတက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများကြောင့် နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာသည်နှင့်အညီ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် အလေးအနက် ခံယူပြီး ဒေသတွင်းနှင့် ဒေသခွဲအတွင်းရှိ နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့်ပြိုင်ပွဲများတွင် ရန်ကုန်တိုင်းမှ အထူးဆုရရှိသူများအား ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ၊ ပိုစတာကွန်ပျူတာ၊ ပန်းချီ၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ ဗဟိုအဆင့်၌ ရန်ကုန်တိုင်းအတွင်းမှ အထူးဆုရရှိသူများအား ဆုချီးမြှင့်ပွဲတွင် ဆုရရှိသူတစ်ဦးအားဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၇

၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများ ဗဟိုအဆင့်တွင် ရန်ကုန်တိုင်းမှ အထူးဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး အထူးဆုများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆုရရှိကြသူများနှင့် မိဘအုပ်ထိန်းသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ချီးတက်

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် နိုင်ငံတော်အစိုးရက မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်နှင့် နည်းနာနိဿယ သုံးရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ယခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၏ ဦးတည်ဆောင်ပုဒ်များမှာ မူးယစ်ဆန့်ကျင်အောင်ပွဲဆင်၊ စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်နှင့် မူးယစ်ကင်းစင် အလှဆင်တို့ပင် ဖြစ်ကြောင်း။

လက်ခံယုံကြည်

မူးယစ်ဆေးဝါး ထုတ်လုပ်သည့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်အောင်၊ ဘိန်းစိုက်တောင်သူများ၏ စားဝတ်နေရေး ပြည့်စုံအောင်၊ လူနေမှုအဆင့်အတန်း မြင့်မား တိုးတက်အောင်၊ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝလာပြီး ဘိန်းစိုက်ပျိုးမှု အလေ့အထ လုံးဝစွန့်လွှတ်လာအောင် ဆောင်ရွက်ပေးနိုင်ရေးသည် အဓိကကျသည့် အချက်ဖြစ်သည်ကို မိမိတို့လက်ခံယုံကြည်ထားကြောင်း။

ယခုကဲ့သို့ ပြိုင်ပွဲများတွင် ကျွမ်းကျင်ပညာရှင်များ၊ ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအများစုက ပါဝင်ယှဉ်ပြိုင်လာခြင်းဖြင့် စာပေ၊ ဂီတ၊ အနုပညာ လေ့လာလိုက်စားလိုစိတ်များ ကိန်းအောင်းလာစေပြီး မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေးကဏ္ဍသည် ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ လာမည့်နှစ်များတွင်လည်း ယခုနှစ်ပြိုင်ပွဲများကဲ့သို့ တက်တက်ကြွကြွပါဝင်ယှဉ်ပြိုင်ကြရန် လှိုက်လှဲစွာကြိုဆိုဖိတ်ခေါ်ကြောင်း၊ ပြိုင်ပွဲဝင်အရေအတွက်တိုးတက်မြင့်မားလာသည်နှင့်အမျှမူးယစ်ဆေးဝါး အန္တရာယ်ကို ဆန့်ကျင်တိုက်ဖျက်လိုစိတ်များ ပြည်သူလူထုအတွင်းတွင် ပျံ့နှံ့လာမည် ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်းမှ အထူးဆုများ ရရှိကြသော ကာတွန်းပြိုင်ပွဲတွင်အသက် (၁၀)နှစ်အောက်နှစ်ဦး၊ အသက် (၁၀) နှစ်မှ ၁၅ နှစ် သုံးဦး၊ အသက် ၁၅ နှစ်မှ (၂၀)နှစ် ငါးဦး၊ အသက် (၂၀)နှင့်အထက်သုံးဦး၊ ပန်းချီပြိုင်ပွဲတွင် အသက် (၁၀)နှစ်အောက် နှစ်ဦး၊ အသက်(၁၀)နှစ်မှ (၁၅)နှစ် လေးဦး၊ အသက်(၁၅)နှစ်မှ (၂၀)နှစ် သုံးဦး၊ အသက်(၂၀)အထက် နှစ်ဦး၊ ပိုစတာပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် နှစ်ဦး၊ အသက်(၁၀)နှစ်မှ (၁၅)နှစ် လေးဦး၊ အသက်(၁၅)နှစ်မှ (၂၀)နှစ် နှစ်ဦး၊ အသက်(၂၀)နှစ်အထက်လေးဦး၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာပြိုင်ပွဲတွင် သုံးဦး၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် အထက်တန်းအဆင့်တစ်ဦး၊အလယ်တန်းအဆင့်တစ်ဦး၊ တေးသီချင်း ပြိုင်ပွဲတွင် ငါးဦး၊ ဓာတ်ပုံပြိုင်ပွဲတွင် လေးဦး၊ ဝတ္ထုတိုပြိုင်ပွဲတွင် သုံးဦး၊ ဆောင်းပါးပြိုင်ပွဲတွင် တစ်ဦး၊ ကဗျာပြိုင်ပွဲတွင် နှစ်ဦး စုစုပေါင်း ၅၆ဦးတို့အား အထူးဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကြံခင်းမြို့နယ်သင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၇

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့) မွန်းလွဲ ၁ နာရီတွင် လှိုင်မြို့နယ်(၅)ရပ်ကွက်ရှိ ကြံခင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပပြီး ဦးစီးပဓာနနာယကဆရာတော်နှင့် သံဃာတော်အပါး ၁၅၀ တို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ရာ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း) ဖုန်း-၂၅၂၁၃၇၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေး ဖုန်း-၆၈၀၉၉၆၊ တွဲဖက်အတွင်းရေးမှူး ဦးစိန်ဌေးဖုန်း-၂၅၆၇၈၄ နှင့် ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၅၄၁၀၆၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက် စီမံကိန်း (၂) ရတနာလမ်း အမှတ်(၁၈၃)နေ ဦးပန်းလှိုင်-ဒေါ်ခင်သန်း (လှိုင်မိသားစုစက်ရုံ) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေး ပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

ကျောက်ကပ် ပန်းချီကားများ ကြည့်ရှု

ကျောက်စိမ်းကျောက်မျက် အထူးရောင်းချပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ကျောက်မျက်ရတနာအရောင်းဆိုင်များမှ ကျောက်ကပ်ပန်းချီကားများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားမှုများ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ရောက်ရှိလာပြီး ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ အထူးရောင်းချပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီအရောင်းဆိုင်များကိုလည်းကောင်း၊ ခန်းမဝန်းကျင်၌ ခင်းကျင်းပြသထားသောကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်နှင့် အသားကျောက် အရိုင်းတုံးများကိုလည်းကောင်း၊ ခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသော ကျောက်မျက်အတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ညနေ ၄နာရီတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ အထူးရောင်းချပွဲဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် အထူးရောင်းချပွဲ ဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများ ဖြစ်ကြသော ကျောက်စိမ်း၊ ကျောက်မျက်၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၀၅ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအသီးသီးက စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၅ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ဗဟိုကော်မတီ ဒုတိယ အကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ သင်တန်းဆင်းအောင်ပွဲ

ရန်ကုန် ဇွန် ၂၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ လယ်တီ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ ကြီးကြပ်မှုဖြင့်ဖွင့်လှစ်ခဲ့သော ရဟန်းတော်များ လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယ သင်တန်းဆင်းအောင်ပွဲကို ဇွန် ၂၉ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈ နာရီ၌ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ်(၃၃၇/က)၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကျင်းပမည် ဖြစ်သည်။ ယောဂီဟောင်းများ၊ ဆွမ်းအလှူရှင်များ၊ သူတော်စင်များသည် ဖုန်း-၅၃၄၃၂၉၊ ၆၅၁၀၆၄နှင့် ဆက်သွယ်၍ တက်ရောက်ကြည်ညိုသဒ္ဓါတရားပွားများလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျိုက်လတ်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၇

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၂၊ ဦးသိန်းလွင် ဖုန်း-၂၅၁၂၇၅၊ ဦးကျော်မြင့် ဖုန်း-၂၆၉၂၀၁၊ ဦးမြင့်သန်း - ဒေါ်မိမိ ဖုန်း-၅၁၃၄၁၃၊ ဒေါ်မြင့်မြင့် ဖုန်း-၆၉၉၄၇၀၊ ဒေါ်သိန်းသိန်းဇော် ဖုန်း-၅၅၅၉၇၀၊ ဒေါ်သန်းသန်းအေး ဖုန်း-၃၇၇၅၅၆၊ ဦးကျော်ရင် ဖုန်း-၅၆၀၅၂၀ ဦးအေးနိုင် ဖုန်း-၅၄၂၀၀၉၊ ဦးစိန်လှိုင် ဖုန်း-၂၂၉၆၀၇ နှင့် အသင်းရုံး ဖုန်း-၅၀၁၅၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က သဃ်န်းကျွန်းမြို့နယ် အထက(၁) ကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းဖတ်ကြားစဉ်။ (၅၀၆)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ် -Psychological Research** (တတိယနှစ် စိတ်ပညာ)
၅း၂၅ ၉။ ပညာခေတ်
၅း၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ၂၄ နာရီ (အပိုင်း-၁၆)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကျန်းမာသုတအစီအစဉ်
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကန္တာတောခြေ (အပိုင်း-၄)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်ရေးဇုန်နယ်မြေထူထောင်မှု နှစ်ဖက်ကောင်းကျိုးစီးပွား ခံစားနိုင်မည်ဟု စင်ကာပူပြောကြား

စင်ကာပူ ဇွန် ၂၆

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) လွတ်လပ်သော ကုန်သွယ်ရေး ဇုန်နယ်မြေ ထူထောင်ခြင်းဖြင့် နှစ်ဖက်ကောင်းကျိုးစီးပွားရရှိခံစားနိုင်မည်ဟု မျှော်လင့်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ချန်လေဖန်းက သောကြာနေ့တွင် ပြောကြားသည်။

အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်သည် အာဆီယံအတွက် ဒေသအပြင်ဘက်ရှိ နိုင်ငံတစ်နိုင်ငံနှင့် ပထမဆုံးရရှိသည့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်ပြီး တရုတ်နိုင်ငံအတွက် အခြားသောဒေသတစ်ခုမှ အဖွဲ့အစည်းတစ်ရပ်နှင့် ပထမဆုံးရရှိသည့်လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်အရ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ ဆက်ဆံရေး ပိုမိုကောင်းမွန်နိုင်ကြောင်း၊ ဒေသဆိုင်ရာ ခေါင်းဆောင်များကလည်း ယင်းသို့ဆက်ဆံရေးကောင်းမွန်ရန် လိုလားကြကြောင်း ဆင်ဟွာ သတင်းဌာန၏ လူတွေ့မေးမြန်းခန်း တစ်ရပ်တွင် ချန်လေဖန်းကပြောကြားသည်။

အကျုံးဝင်

အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်သည် ကုန်ပစ္စည်းအရ၊ ဝန်ဆောင်မှုလုပ်ငန်းအရနှင့် ရင်းနှီးမြှုပ်နှံမှုအရ အကျုံးဝင်သည့် ပြည့်စုံသော သဘောတူညီချက်တစ်ရပ်ဖြစ်ကြောင်း၊ လွတ်လပ်သော ကုန်သွယ်ရေးဇုန်နယ်မြေတွင် ပါဝင်သော နိုင်ငံများအတွင်း ကုန်သွယ်ရေး အငြင်းပွားမှုများကို ဖြေရှင်းနိုင်စေမည့် သဘောတူညီချက် တစ်ရပ်လည်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် ပေါ်ထွန်းလာခြင်းဖြင့် တစ်နိုင်ငံ၏ ဈေးကွက်အတွင်းသို့ အခြားတစ်နိုင်ငံက ဝင်ရောက်နိုင်ရန် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်မြင့်မား တိုးတက်လာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဆမ်မာရာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောနေအိမ်တစ်လုံးကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ် ရေနံရောင်းချငွေကိုင်တွယ်မှုနှင့် စာရင်းထားသိုမှုညံ့ဖျင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်များက စိုးရိမ်မကင်းဖြစ်

ကုလသမဂ္ဂ ဇွန် ၂၆

အမေရိကန်ဦးဆောင်သည့် အပေါင်းပါအာဏာပိုင်အဖွဲ့က အာဏာလွှဲပြောင်းပေးခဲ့ပြီး အီရတ်နိုင်ငံမှ ရေနံရောင်းချငွေများ ကိုင်တွယ်မှုနှင့်ပတ်သက်၍ စာရင်းထားသိုမှု ညံ့ဖျင်းကြောင်းနှင့် စီမံခန့်ခွဲမှုညံ့ဖျင်းကြောင်း စာရင်းစစ်အဖွဲ့က ဖော်ပြပြီးခဲ့သည့်နောက်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ယင်းကိစ္စအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အီရတ်ကြားဖြတ်အစိုးရက အမေရိကန်အစိုးရအဖွဲ့ထံမှ လွှန်ခဲ့သည့်နှစ် ဇွန် ၂၈ ရက်က အာဏာလွှဲပြောင်းရယူခဲ့ပြီးသည့်နောက် ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် ရည်ရွယ်ထားသည့် ရေနံရောင်းရငွေ ဒေါ်လာသန်း ၁၀၀ ခန့်ကို ခြောက်လအတွင်း စီမံခန့်ခွဲမှုညံ့ဖျင်းစွာဖြင့် ကိုင်တွယ်ခဲ့သည်ကို တွေ့ရှိရသည်ဟု ကေပီအမ်ဂျီ စာရင်းစစ်အဖွဲ့က ပြောကြားသည်။

ဖွဲ့စည်း

နိုင်ငံတကာ ကြီးကြပ်ရေးနှင့် စောင့်ကြည့်လေ့လာရေးဘုတ်အဖွဲ့ အကြီးအကဲဖြစ်သူ ဂျင်းပီရီဟောဝက်က လုံခြုံရေးကောင်စီအဖွဲ့ဝင်များအား ဖော်ပြပါအတိုင်း အကျဉ်းရုံး၍ ရှင်းလင်းပြောကြားသည်။ လုံခြုံရေးကောင်စီက အီရတ်နိုင်ငံဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကို ထင်သာမြင်သာ ကိုင်တွယ်နိုင်စေရန် ရည်ရွယ်ကာ ယင်းအဖွဲ့ကို ၂၀၀၃ ခုနှစ်က ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

စာရင်းစစ်အဖွဲ့က ထုတ်ဖော်ထားသည့် ချို့ယွင်းချက်အချို့ကို ဟောဝက်က အသေးစိတ်ဖော်ပြထားပြီး မေလအတွင်း အစီရင်ခံစာ ထုတ်ပြန်ပေးခဲ့ကြောင်း၊ အဆိုပါ ရန်ပုံငွေလေ့လာစောင့်ကြည့်ရေး လုပ်ငန်းသည် လုံလောက်မှုမရှိသေးကြောင်း ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်သံအမတ်ကြီး ဆက်လီဗရာရီက ပြောကြားသည်။

အီရတ်အစိုးရက ယင်းကိစ္စတိုးတက်မှုရှိစေရန် ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်အပေါင်းပါ ယာယီအာဏာပိုင်အဖွဲ့က အီရတ် ဖွံ့ဖြိုးရေး ရန်ပုံငွေကို မေးခွန်းထုတ်စေလောက်သည့် စာရင်းအင်းထားသိုမှုများကို ပြုလုပ်ခဲ့သည်ဟု အဆိုပါ စာရင်းစစ်အဖွဲ့က တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အိန္ဒိယနှင့်ဟန်ဂေရီ စီးပွားရေးပူးပေါင်းဆောင်ရွက် နှစ်နိုင်ငံဆက်ဆံရေး အနေအထားကို ပြန်လည်သုံးသပ်

ဘူဒါပက် ဇွန် ၂၆

အိန္ဒိယနှင့် ဟန်ဂေရီနိုင်ငံတို့သည် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးနှင့် စပ်လျဉ်းသည့် သဘောတူညီမှုတစ်ရပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးလိုက်သည်။ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ အပါအဝင် ကဏ္ဍမျိုးစုံတွင် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးအတွက် လက်ရှိ ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

ဘူဒါပက်မြို့တွင် အိန္ဒိယနိုင်ငံသံအမတ်ကြီး မန်ဘီဆင်းနှင့် ဟန်ဂေရီနိုင်ငံတကာ ကုန်သွယ်ရေးကိုယ်စားလှယ် အက်စ်ဗင်မေဂျာတို့က အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ကေနတ်ဝါဆင်းရှေ့မှောက်တွင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

စောစောပိုင်းက အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆင်းသည် ဟန်ဂေရီဝန်ကြီးချုပ် ဖီရင်ဂျူရက်ဆာနီနှင့် နိုင်ငံခြားရေးဝန်ကြီး ဖီရင်ဆိုမိုဂျီတို့ကို တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် ဟန်ဂေရီဝန်ကြီးချုပ်နှင့် ဆင်းတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ ဆင်းနှင့် ဆိုမိုဂျီတွေ့ဆုံစဉ် ပုံမှန်ညှိနှိုင်းတိုင်ပင်မှုမှတစ်ဆင့် အိန္ဒိယနှင့် ဟန်ဂေရီဆက်ဆံရေးကို မြှင့်တင်ရေးအတွက် အစီအစဉ်များ ချမှတ်ရန် သဘောတူခဲ့ကြသည်။ စီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည့် အစီအစဉ်များ အပါအဝင် အိန္ဒိယ–ဟန်ဂေရီ ဆက်ဆံရေးတစ်ရပ်လုံးကို အစအဆုံး ပြန်လည်သုံးသပ်ခဲ့ကြသည်။

အမ်အင်အေ၊ပီတီအိုင်။

နယူးဇီလန် စီးပွားရေးမြင့်တက်

ဝယ်လင်တန် ဇွန် ၂၆

နယူးဇီလန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၀၅ ခုနှစ် ပထမသုံးလပတ်ကာလတွင် သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း နယူးဇီလန်နိုင်ငံ စာရင်းအင်းဌာန (အက်စ်အင်ဇက်) က သောကြာနေ့တွင် ဖော်ပြသည်။

၂၀၀၄ ခုနှစ် တတိယသုံးလပတ်ကာလနှင့် စတုတ္ထ သုံးလပတ်ကာလတို့တွင် သုညဒသမ ၃ရာခိုင်နှုန်းနှင့် သုညဒသမ ၆ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း အက်စ်အင်ဇက်က ဖော်ပြသည်။

၂၀၀၅ ခုနှစ် မတ်လကုန်တွင် စီးပွားရေး တိုးတက်မှုမှာ ၄ဒသမ ၂ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၄ ခုနှစ်မတ်လတွင် ၃ ဒသမ ၆ ရာခိုင်နှုန်းမျှသာရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

မူးယစ်မှောင်ခိုများ၏ သင်္ဘောကျင်း ကိုလံဘီယာရေတပ် ဖျက်ဆီးခဲ့ကြောင်း ကြေညာ

ဘိုဂိုတာ ဇွန် ၂၆

ကိုလံဘီယာနိုင်ငံ ရေတပ်သည် ကိုလံဘီယာ သူပုန်တပ်ဖွဲ့ (အက်ဖ်အေအာရ်စီ)၏ သင်္ဘောများ တည်ဆောက်ရာ လျှို့ဝှက်စခန်းတစ်ခုကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ဇွန်၂၄ရက်က ထုတ်ပြန်သော ရေတပ်ကြေညာချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုလျှို့ဝှက် သင်္ဘောကျင်းသည် မူးယစ်ဆေးဝါး (ကိုကင်း)သယ်ဆောင်သော အမြန်သင်္ဘောငယ်များကို တည်ဆောက်သော စခန်းဖြစ်သည်။ ထိုသင်္ဘောငယ်များသည် တစ်စင်းလျှင် ကိုကင်းနှစ်တန် သယ်ဆောင်နိုင်စွမ်းရှိသည်။ ယင်းတို့ကို ပစိဖိတ်သမုဒ္ဒရာ ရေလမ်းကိုသုံး၍ အလယ်ပိုင်းအမေရိကဒေသနှင့် အမေရိကန်နိုင်ငံသို့ သယ်ယူပို့ဆောင်သော မူးယစ်မှောင်ခိုလုပ်ငန်းများ၌ အသုံးပြုကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ကိုလံဘီယာရေတပ်က သင်္ဘောကျင်းကို သိမ်းမိချိန်တွင် တည်ဆောက်၍ ပြီးစီးလုနီးပါးဖြစ်နေသော အမြန်ရေယာဉ်နှစ်စင်းကို တွေ့ရပြီး သင်္ဘောသုံး မော်တာ ၁၅ လုံးကို ရမိခဲ့သည်။

ထိုစခန်းသည် ပစိဖိတ်သမုဒ္ဒရာ တော်တူးဂါပင်လယ်အော် မရိုးကွင်းနှင့် တင်ဘာမြစ်တို့ဆုံရာ ဒီရေတောအတွင်း တည်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံတောင်ပိုင်း ယူဆီဖီယာဒေသတွင် ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်နေသည်ကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ အောင်မြင်ရေး ဂျီ–၈ နိုင်ငံများကြိုးပမ်းရန် ကိုဖီအာနန်တိုက်တွန်း

ပေကျင်း ဇွန် ၂၆

ထောင်စုနှစ်၏ ဖွံ့ဖြိုးရေးတိုးတက်ရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု (ဂျီ–၈) နိုင်ငံများက ကြိုးပမ်းဆောင်ရွက်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

မိမိတို့သည် ဆင်းရဲမွဲတေမှုနှင့် ဆာလောင်မွတ်သိပ်မှု တွေ့ကြုံရသည့် ကမ္ဘာ့ပြည်သူဦးရေကို ထက်ဝက်လျှော့ချနိုင်စေရေးဆောင်ရွက်ရန် နိုင်ငံရေးအသိစိတ်ဓာတ်ရှိကြရမည် ဖြစ်ကြောင်း၊ အလားတူပင် ကမ္ဘာ့ပြည်သူများ ရေကောင်းရေသန့်ရရှိရေး၊ ကမ္ဘာ့ကလေးငယ်တိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေး၊ ပညာသင်ယူခွင့်ရရှိသူများအတွင်း ကျားနှင့်မ အချိုးမျှတမှုရှိစေရေး၊ ကလေးငယ် သေဆုံးရမှုနှုန်းကို သုံးပုံနှစ်ပုံလျှော့ချရေး၊ မိခင်သေဆုံးရမှုနှုန်း လေးပုံသုံးပုံလျှော့ချရေး၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း လျှော့ချရေး၊ ငှက်ဖျားနှင့် အခြားသော ရောဂါများဖြစ်ပွားမှုနှုန်းကျဆင်းစေရေး၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များ ပြုန်းတီးမှု လျော့ပါးစေရေး စသည်တို့အတွက် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းစေလိုကြောင်း ဂျီ–၈ ခေါင်းဆောင်များထံပေးပို့သော ကိုဖီအာနန်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

အမျိုးသားမဟာဗျူဟာ

ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံချင်းစီက လိုအပ်သောအရာမှာ အမျိုးသားမဟာဗျူဟာပင်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့များ၏ လုပ်ငန်းစွမ်းဆောင်မှု ကောင်းမွန်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်း၊ ပုဂ္ဂလိကပိုင်ကဏ္ဍ၏ပါဝင်မှုကို မြှင့်တင်ပေးခြင်း၊ အလုပ်အကိုင်နေရာများဖန်တီးပေးခြင်း၊ ပြည်တွင်းအရင်းအမြစ်များကို အများဆုံးတိုးပွားစေရန် ဆောင်ရွက်ခြင်း စသည်တို့ကို အမျိုးသားမဟာဗျူဟာတွင် ထည့်သွင်းရမည်ဖြစ်ကြောင်း အဆိုပါသဝဏ်လွှာတွင်ဖော်ပြသည်။

ကမ္ဘာ့ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက လုပ်ဆောင်ပေးရန်မှာ ဖွံ့ဖြိုးရေးအကူအညီများတိုးမြှင့်ပေးခြင်း၊ ကြွေးမြီသက်သာခွင့်ပေးခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးနယ်ပယ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့ရောင်းချခွင့်ပေးခြင်းတို့ ဖြစ်ကြောင်း ကိုဖီအာနန်က ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပျူခေတ်နှင့် ပုဂံခေတ် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ၌ တွေ့ရှိ



ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ ကျောင်းသစ် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဇွန် ၁၆ရက်က ဝါးငုတ်များစိုက်ရန် မြေကြီးတူးရာမှတွေ့ရှိသော ပျူခေတ်နှင့် ပုဂံခေတ် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ငါးဆူအားတွေ့ရစဉ်။ (ယဉ်ကျေးမှု)

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဇွန် ၁၆ရက်က ဝါးငုတ်များစိုက်ရန် မြေကြီးတူးရာမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ငါးဆူကို မတော်တဆတွေ့ရှိခဲ့ကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန တာဝန်ရှိသူများက အဆိုပါရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် ငါးဆူကို သွားရောက်လေ့လာကြည့်ရှုစစ်ဆေး၍ သုတေသနပြုတွေ့ရှိရသည့် အချက်အလက်များအရ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူသည် ပျူခေတ်နှောင်းပိုင်းနှင့် ကျန်သုံးဆူသည် ပုဂံခေတ်ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များဖြစ်ကြောင်းသိရှိရသည်။

အဆိုပါဗုဒ္ဓရုပ်ပွားတော်များအနက်မှ ဉာဏ်တော်အမြင့် ၇ ဒသမ ၇လက်မရှိ ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်သည် ဥဏှိသနှင့်မဏိတော် ခပ်နိမ့်နိမ့်ပါရှိသည်။ ဆံတော်လုံးအချို့မှာ နှစ်များစွာကြာ၍ ပွန်းတီးပျောက်ကွယ်နေသည်။ နှာယောင်တော်ပွပြီး နှာခေါင်းတော် အနည်းငယ်ကပ်၍ ပခုံးနှင့်မထိပေ၊ သင်္ကန်းတော်ပါးလွှာသော်လည်း သင်္ကန်းရုံထားသော အရေးကြောင်းနှင့် သင်းပိုင်ရာ လေးကြောင်းခန့်တွေ့ရှိရသည်။ ပလ္လင်မှာ တစ်ထပ်ပလ္လင်ဖြစ်သည်။ လက်ဝဲလက်တော်အောက်ချပြီး ယာလက်တော် ရှေ့သို့လှန်ပြကာ လက်ချောင်းများကို အပေါ်သို့ထောင်ထားသော အဘယမုဒြာဟန်ဖြစ်သည်။ ရုပ်ပွားတော်၏ယေဘုယျလက္ခဏာများအရ ပျူခေတ်နှောင်း ဗုဒ္ဓရုပ်ပွားတော်ဖြစ်ကြောင်း။

ဉာဏ်တော်အမြင့် ၉ ဒသမ ၅ လက်မရှိ ရပ်တော်မူဗုဒ္ဓဆင်းတုတော်၌ ဥဏှိသနှင့် မဏိတော်ခပ်နိမ့်နိမ့်တွင် ဆံတော်လုံးများပါရှိသည်။ ဥဏ္ဏာလုံတော်ပါရှိသည်။ မျက်လုံးတော်ရှေ့သို့ စူးစိုက်ဟန်ရှိပြီး နှုတ်ခမ်းတော်မှာ ပြုံးယောင်သမ်းသည်။ မျက်နှာတော်လုံး၍ ပြည့်ဖောင်းသည်။ သင်္ကန်းတော်ပါးလွှာပြီး လည်ပင်းတော်၏အောက်တွင် သင်္ကန်းရာတွေ့ရသည်။ သင်္ကန်းတော်ပါးလွှာပြီး လည်ပင်းတော်၏ အောက်အနားမှာ အတွန့်နှစ်ထပ်ဖြစ်သည်။ ပလ္လင်တော်မှာ ကြာမှောက်ကြာလှန်နှစ်ထပ် ပလ္လင်ဖြစ်သည်။ မုဒြာဟန်မှာ ယာလက်တော်သည် အဘယမုဒြာဟန်ဖြစ်ပြီး ဘယ်လက်တော် လက်ဖဝါးရှေ့ဖြန့်၍ လက်သူကြွယ်ကွေးထားဟန်ဖြစ်သည်။ ရုပ်ပွားတော်၏ ယေဘုယျလက္ခဏာများအရ ပျူခေတ်နှောင်းပိုင်း ဗုဒ္ဓရုပ်ပွားတော်ဖြစ်ကြောင်း သိရှိရသည်။

ဉာဏ်တော်အမြင့် ၇ ဒသမ ၅ လက်မရှိ ဗုဒ္ဓဆင်းတုတော်တွင် သေးသွယ်သောမဏိတော်ပေါ်၌ အနည်းငယ်ချွန်သော ဥဏှိသပါရှိသည်။ ဆံတော်ရွဲလုံးများလည်း ပါရှိသည်။ မျက်လုံးတော်မှာ စက္ခုဣန္ဒြေချထားသည်။ နှာခေါင်းတော်မှာ နှာသီးဖျားတွဲကျနေသည်။ အောက်နှုတ်ခမ်းတော်ထူပြီး အပေါ်နှုတ်ခမ်းတော်ပါး၍ ပြုံးယောင်သမ်းသည်။ ရင်ဘတ်တော်ဖြိုးမောက်ပြီး သင်္ကန်းတော်ပါးခြင်းကြောင့် ချက်တော်ကိုတွေ့မြင်နိုင်သည်။ အဘယမုဒြာဟန်ဖြစ်ပြီး လက်တော်၏ လက်ဖဝါးရှေ့သို့ဖြန့်၍ လက်ခလယ်ကွေးထားဟန်ဖြစ်သည်။ ရုပ်ပွားတော်၏ ယေဘုယျလက္ခဏာများအရ ပုဂံခေတ် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ဖြစ်ကြောင်း သိရှိရသည်။

ဉာဏ်တော်အမြင့် ၇ဒသမ၇လက်မရှိ ပလ္လင်အပါဝင်ဗုဒ္ဓရုပ်ပွားတော်၏ ဥဏှိသမှာ အနည်းငယ်ချွန်၍ မဏိတော်မှာ ပါသည်ဆိုရုံသာ ခပ်နိမ့်နိမ့်ပါရှိပြီး ဆံတော်ရွဲလုံးတန်းများပါရှိသည်။ မျက်နှာတော်မှာ တိုက်စားခံခဲ့ရသဖြင့် အလွန်ပွန်းတီး၍ ပီပြင်စွာမမြင်ရပေ။ ကိုယ်လုံးတော်နှင့် ဘယ်လက်မောင်းတော်ပေါ်တွင် သင်္ကန်းရာအရစ်များတွေ့ရပြီး ချက်တော်ကိုလည်းထင်ရှားစွာတွေ့ရသည်။ ဘယ်ခြေယာထပ်တင်ပလ္လင်ခွေရုပ်ပွားတော်ဖြစ်သည်။ မုဒြာဟန်မှာ ယာလက်တော်သည် ဘူမိဖဿမုဒြာဖြစ်ပြီး ဘယ်လက်တော်တွင် သင်္ကန်းစကိုင်ထားသည့် စီဝရဟတ္ထမုဒြာဟန်ဖြစ်သည်။ တင်ပျဉ်ခွေရုပ်ပွားတော်၏ အောက်တွင် ပျော့ပလ္လင် တစ်ထပ်၊ ပျော့ပလ္လင်၏အောက်တွင် ကြာမှောက်/ကြာလှန်ပလ္လင်တစ်ထပ်၊ ယင်းအောက်တွင် သုံးမြောင့်ချွန်များပါပလ္လင်တစ်ထပ်ဖြစ်သည်။ ပလ္လင်၏ အခြေတွင် ခြေထောက်ခြောက်ချောင်းပါရှိသည်။ ပလ္လင်၏နောက်ခံ တံကဲတွင် ဆင်ရုပ်၊ ဗျာလရုပ်၊ မကာရ်းရုပ်၊ ဘဲဟင်္သာရုပ်နှင့် ကနုတ်ပန်းများပါရှိသည်။ ရုပ်ပွားတော်နှင့် ပလ္လင်တံကဲတို့၏ ယေဘုယျလက္ခဏာများအရ ပုဂံခေတ် ရှေးဟောင်းရုပ်ပွားတော်ဖြစ်ကြောင်း။

ဉာဏ်တော်အမြင့် ၉ ဒသမ ၈ လက်မရှိ ပလ္လင်တံကဲအပါဝင် ဗုဒ္ဓရုပ်ပွားတော်၏ မဏိတော်မှာပါးပြီး ဥဏှိသမှာ အနည်းငယ်လုံးဝန်းသည်။ မျက်လုံးတော် မျက်လွှာချပြီး အောက်နှုတ်ခမ်းတော်ထူ၍ ပြုံးယောင်သန်းသည်။ နားရွက်တော်ပခုံးသို့မထိပေ၊ လည်ရေးသုံးဆင့် ထင်ရှားစွာတွေ့ရသည်။ သင်္ကန်းရာပါးပြီးဘယ်ခြေယာထပ် တင်ပျဉ်ခွေ ရုပ်ပွားတော်ဖြစ်သည်။ မုဒြာဟန်မှာ ဘူမိဖဿမုဒြာဖြစ်သည်။ ကြာမှောက် ကြာလှန်ပလ္လင်တွင် ထိုင်နေတော်မူဟန်ဖြစ်၍ ပလ္လင်၏အောက်မှ ကြာဖူး၊ ကြာရိုး၊ ကြာစွယ်များက ပင့်တင်ထားသည်။ ယင်းတို့၏အောက်တွင် ခြသေ့်လေးကောင်ခံ ပလ္လင်ဖြစ်သည်။ ထိုင်တော်မူရုပ်ပွားတော်၏ နောက်ကျောတွင် တံကဲပါဝင်ပြီး တံကဲ၏အလယ်ထိပ်တွင် စေတီ၊ စေတီ၏ဝဲယာတွင် ညောင်ရွက်၊ ညောင်ကိုင်းများ ပါရှိသည်။ ဦးခေါင်းတော်၏ အနောက်ဘက်တွင် ရောင်လျှံတော်စက်ဝိုင်းပါရှိသည်။ စက်ဝိုင်း၏တစ်ဖက်စီတွင် စိန်ထောင်တစ်ခုစီပါဝင်သည်။ တံကဲ၏ ပတ်လည်အနားများကို ကနုတ်ပန်းများစီ၍ တန်ဆာဆင်ထားသည်။ ရုပ်ပွားတော်၊ ပလ္လင်တော်နှင့်တံကဲတို့၏ယေဘုယျလက္ခဏာများအရ ပုဂံခေတ် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဖွင့် ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာနကကြီးမှူးဖွင့်လှစ်သည့်အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁၃/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးများကျင်းပခြင်း၊ နိုင်ငံတကာ လူမှုဆက်ဆံရေးနီတိ၊ သံတမန်ဆက်ဆံရေး၊ နိုင်ငံတကာစာပေးစာယူဆက်သွယ်မှု၊ နိုင်ငံတကာဥပဒေ၊ စေ့စပ်ညှိနှိုင်းခြင်းပညာများကို အထူးပို့ချသွားမည်ဖြစ်သည်။ ယင်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ်ဖြစ်သည်။ (သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲကို ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် ချမ်းမြေ့စာကြည့်တိုက်တွင် ဇွန် ၅ရက်က ကျင်းပရာ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်တင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

မင်္ဂလာမေ အမျိုးသမီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်မှု သမဝါယမအသင်းမှ အိန္ဒိယနိုင်ငံ၌ ပညာသင်ကြားနေသောမြန်မာရဟန်းတော်များအား နဝကမ္မ အလှူငွေနှင့် ကျောင်းမြေ ဝယ်ယူရန်အတွက် အလှူငွေကျပ် ၁၃သိန်း ငါးသောင်းကို ဇွန် ၂၇ရက်က အသင်းရုံးခန်းတွင် ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့အသံ တိုင်းရင်းသားအစီအစဉ်များ ပြောင်းလဲထုတ်လွှင့်မည်

ရန်ကုန် ဇွန် ၂၇

မြန်မာ့အသံမှ သုံးလတစ်ကြိမ် အက္ခရာစဉ်အလိုက် အလှည့်ကျ ပြောင်းလဲ ထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသား အစီအစဉ်များကို ၂၀၀၅ခုနှစ် ဇူလိုင် ၁ရက်မှ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ လှိုင်းတို(၆၃ဒသမ ၄၉)မီတာမှနေ၍ ချင်းဘာသာအစီအစဉ်ကို မွန်းလွဲ ၂ နာရီမှ မွန်းလွဲ ၂နာရီ ၄၅မိနစ်အထိ၊ မွန်ဘာသာအစီအစဉ်ကို မွန်းလွဲ ၂ နာရီ ၄၅မိနစ်မှ ညနေ ၃နာရီခွဲအထိ၊ ရခိုင်ဘာသာအစီအစဉ်ကို ညနေ ၃နာရီခွဲမှ ညနေ ၄နာရီ ၁၅ မိနစ်အထိ၊ ရှမ်းဘာသာ အစီအစဉ်ကို ညနေ ၄နာရီ ၁၅မိနစ်မှ ညနေ ၅နာရီအထိ၊ ကချင်ဘာသာ အစီအစဉ်ကို ညနေ ၅နာရီမှ ၅နာရီ ၄၅ မိနစ်ထိ ကယားဘာသာအစီအစဉ်ကို ညနေ ၅နာရီ ၄၅မိနစ်မှ ည ၆ နာရီခွဲအထိ၊ စကောကရင်ဘာသာ အစီအစဉ်ကို ည ၆နာရီခွဲမှ ည ၇ နာရီ ၁၅မိနစ်အထိ၊ ပိုးကရင်ဘာသာ အစီအစဉ်ကို ည ၇နာရီ ၁၅မိနစ်မှ ည ၈နာရီအထိ အသံလွှင့်ချိန် ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၀၅ (အင်္ဂါနေ့)

၁၃၆၇-ခုနှစ်၊ နယုန်လပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ရန်ကုန်တိုင်း ပေါင်းလင်း(ငမိုးရိပ်) ရေကူးရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၂၅ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅:၃၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၅ ၉။ ခံစားနားဆင် တေးဇာတ်ဝင်
- ၆:၅၅ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **"ထာဝစဉ်နုလှ မြန်မာ့ဂီတ" (အရေးဘာသာရပ်ဆွေးနွေးခန်း) (အပိုင်း-၁)**
- ၇:၂၅ ၁၄။ ကြေးမုံရိပ်သွင် တေးနှယဉ်
- ၇:၃၅ ၁၅။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း-၃၀)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ ဖြောင့်တန်းစွာ လျှောက်လှမ်းနေသော မြန်မာအမျိုးသမီးများ

နန်းမြတ်သူ

ကျွန်မသည် မိခင်တစ်ယောက်ဖြစ်ပါသည်။ သားသမီးများကို ဥပဒေဘောင်အတွင်း၊ နိုင်ငံတော်၏ မူဘောင်များအတွင်းမှနေ၍ သူတို့ ဘဝရှေ့ရေး၊သူတို့နောင်ရေးအတွက် တတ်စွမ်းသမျှပြုစုပျိုးထောင်ပေးနေပါသည်။

သားသမီးများ၏ အနာဂတ်ကောင်းမွန်နေမည်ဆိုလျှင် မိသားစုအနာဂတ်သာမက နိုင်ငံ့အနာဂတ်ပါကောင်းမွန်မည်ဟု ကျွန်မယုံကြည်ပါသည်။ ထို့ကြောင့် ကျွန်မသည် သားသမီးများလမ်းမှန်ပေါ်တွင် လျှောက်လှမ်းနိုင်အောင် ရင်အုပ်မကွာ စောင့်ကြပ်ကြည့်ရှုပေးနေခဲ့ရပါသည်။

ဤနိုင်ငံတွင်မွေး၊ ဤနိုင်ငံတွင်ကြီး၊ ဤနိုင်ငံတွင် ပညာသင်၊ ဤနိုင်ငံမှာပင်နေထိုင်ကာ မိမိဘဝတိုးတက်ရေး(အတ္တ)နှင့် နိုင်ငံသားအားလုံး ဘဝတိုးတက်ရေး (ပရ)တို့ကို မျှတစွာဆောင်ကြဉ်းတတ်သော သားသမီး၊ အကျင့်သိက္ခာကောင်းမွန်သော သားသမီး၊ နိုင်ငံနှင့် လူမျိုးအပေါ်သက်ဆုံးတိုင် သစ္စာစောင့်သိသောသားသမီး၊ ဥပဒေ၊ စည်းကမ်း၊ ကျင့်ဝတ်စောင့်ထိန်းသော သားသမီးများဖြစ်စေချင်၍ သားသမီးများကိုမျက်စိအောက်မှာပင် အရိပ်တကြည့်ကြည့်နှင့် စောင့်ရှောက်ပျိုးထောင်ခဲ့ပါသည်။ ခေတ်ကာလအလိုက် ခေတ်ပေါ်တေးဂီတများ နားထောင်ခြင်း၊ သီဆိုခြင်းများကိုခွင့်ပြုပါသည်။ သို့သော် အမျိုးသားယဉ်ကျေးမှုကို ကျော်ခိုင်းသွေဖည်သောအဆင့်သို့ အရောက်မခံပါ။

ကျွန်မတို့ မိသားစုတစ်စုလုံး ဆေးလိပ်မသောက်၊ အရက်သေစာမသောက်ကြပါ။ ဤ သည်မှာ မိမိဘဝတစ်လျှောက်လုံး ကျန်းမာစေရန်၊ အပိုငွေကြေးကုန်ကျမှုမရှိစေရန်၊ ဆေးလိပ်မှတစ်ဆင့် မူးယစ်ဆေးဝါးဘက်ကူးပြောင်းမသွားစေရန်၊ အရက်၏ကျေးကျွန်ဘဝရောက်ရှိမသွားစေရန် ကြိုတင်ကာကွယ်ပေးထားခြင်းဖြစ်ပါသည်။

မူးယစ်ဆေးဝါးသည် သုံးစွဲသူတစ်ဦးတည်းဘဝပျက်ရသည်မဟုတ်၊ ဘဝဆုံးရသည်မဟုတ်ဘဲ မိသားစုကိုပါ လူမှုရေး၊ စီးပွားရေး၊ ကိုယ်ကျင့်သိက္ခာများထိပါးစေပါသည်။ လူ့အသိုက်အမြုံတစ်ခုလုံးကိုလည်း ထိခိုက်စေပါသည်။ အထူးသဖြင့် အနာဂတ်တွင် မိသားစုတာဝန်၊ နိုင်ငံ့တာဝန်ကို ဦးထမ်းပဲ့ထမ်း ထမ်းကြရမည့် မျိုးဆက်သစ်လူငယ်လူရွယ်များ အညွန့်ကျိုးနိုင်သဖြင့် မူးယစ်ဆေးဝါးအကြောင်းသမိုင်းနှင့် ချီပြီးလေ့လာခဲ့ပါသည်။ သားသမီးများ နားလည်သဘောပေါက်အောင် ပြောပြသွန်သင်ရပါသည်။ ဤသို့ဖြင့် ကျွန်မသည် မူးယစ်ဆေးဝါးအကြောင်း ထဲထဲဝင်ဝင် သိနားလည်လာခဲ့ပါသည်။

မြန်မာနိုင်ငံသည် ပြည်ပကသာသွတ်သွင်းမလာလျှင် ဘိန်း၊ ဆေးခြောက်နှင့် စိတ်ကိုပြောင်းလဲစေသော ဓာတုဗေဒနှင့်ဖော်စပ်ထားသည့် မူးယစ်ဆေးဝါးများ လုံးဝကင်းရှင်းသောနိုင်ငံဖြစ်ပါသည်။ ယနေ့ကျွန်မတို့ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းချပြီး ဆောင်ရွက်နေရခြင်းမှာ နယ်ချဲ့ဆိုးမွေကို ဖယ်ရှားပစ်နေခြင်းဖြစ်ပါသည်။ ဘိန်း၏ မူလဇာတိသည် ဥရောပတောင်ပိုင်း မြေထဲပင်လယ်ဒေသဖြစ်သည်။ ကိုကင်းခေါ် မူးယစ်ဆေး ထုတ်လုပ်သည့် ကိုကားရွက်၏ ဇာတိမှာ အမေရိကတိုက်တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများမှဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ (ခရစ်မပေါ်မီ-ဘီစီ ၄၀၀၀)ခန့်က ဆွစ်ဇာလန်နိုင်ငံ တည်ရှိရာဒေသ ကျောက်ခေတ်သစ် ကျေးရွာများ၌ ထိုခေတ်သုံး ဘိန်းနှင့်ပတ်သက်သော သဲလွန်စများ တွေ့ရသည်ဟု ဆိုပါသည်။ ထိုစဉ်ကဘိန်းကို စစ်ပွဲအတွက် ရဲဆေးတင်ရန်၊ ပွဲတော်များ၌ ပျော်မြူးရန်၊ နာကျင်ကိုက်ခဲမှု သက်သာစေရန် သုံးခဲ့ကြသည်။ နောက်ပိုင်းတွင် ဆေးအဖြစ် သုံးရာမှ တစ်လွဲသုံးကာ မူးယစ်ဆေးအဖြစ် သုံးစွဲမှုပျံ့နှံ့လာခြင်းဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၅၀၀ခန့် (ဘီစီ-၃၄၀၀ခန့်) က မက်ဆိုပိုတေးမီးယား မြေနိမ့်ဒေသများ (ယနေ့အီရတ်နိုင်ငံ ယူဖရေးတီးမြစ်နှင့် တိုက်ဂရစ်မြစ်ဝှမ်း မြေနိမ့်ဒေသများ)တွင် ဘိန်းစိုက်ပျိုးခဲ့ကြသည်။ ဆူမားရီးယန်းလူမျိုးတို့ ဘိန်းကိုသုံးစွဲခဲ့ပြီး ဘိန်းသုံးစွဲမှု အီဂျစ်သို့ ရောက်သွားခဲ့သည်ဟုသိရသည်။ အီဂျစ်မှ လူကုံထံ၊ အထက်တန်းလွှာများသည် ဘိန်းကို လွန်ခဲ့သောနှစ်ပေါင်း ငါးထောင်ခန့်မှ စတင်အသုံးပြုခဲ့သည်ဟု သိရပါသည်။

အာရပ်ကုန်သည်များက အာရှသို့ ဘိန်းများစတင်သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း၌ ဥရောပနယ်ချဲ့ နိုင်ငံကြီးများဖြစ်သည့် ဗြိတိန်နှင့် ဒတ်ချ်တို့သည် ဘိန်းကိုစီးပွားဖြစ် ကုန်သွယ်လာကြသည်။ ဘိန်းကုန်ကူးရာမှ ရရှိသောအမြတ်အစွန်းကို ခံတွင်းတွေ့လာသော ဗြိတိသျှနှင့် ဒတ်ချ်တို့သည် ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အီရန် သုံးနိုင်ငံဒေသ (ရွှေလခြမ်းဒေသ)၊ မြန်မာ၊ ထိုင်း၊ လာအိုသုံးနိုင်ငံဒေသ (ရွှေတြိဂံဒေသ) တို့တွင် ဘိန်းကို အကြီးအကျယ်စိုက်ပျိုးစေခဲ့သည်။

အနောက်မှ ဘိန်းကုန်သည်များ အထူးသဖြင့် ဗြိတိသျှတို့က တရုတ်ပြည်သို့ ဘိန်းများမတန်တဆတင်ပို့ကာ တစ်ဖက်တွင်ဝင်ငွေကောင်းကောင်းရ၊ တစ်ဖက်တွင် တရုတ်ပြည်သူများ ဘိန်းစွဲ ပြီး လူမျိုးအညွန့်တုံးအောင်၊ နယ်ချဲ့တို့အားမခုခံနိုင်အောင် ရည်ရွယ်ချက်နှစ်ခုဖြင့် ဘိန်းများ မတန်တဆတင်သွင်းခဲ့ကြခြင်းဖြစ်သည်။ တရုတ်တို့က မခံမရပ်နိုင်ဖြစ်ကာ ၁၈၄၀ ပြည့်နှစ်တွင် အင်္ဂလိပ်နှင့် တရုတ်တို့စစ်ဖြစ်သည်။ ဘိန်းစစ်ပွဲဟုတွင်ခဲ့သည်။ တရုတ်တို့စစ်ရှုံးသော်လည်း တရုတ်ပြည်တွင်း၌ ဘိန်းစိုက်ခွင့်ပြုရန် အင်္ဂလိပ် (ဗြိတိသျှ)တို့၏ ဖိအားပေးတောင်းဆိုမှုကို တရုတ်တို့ကလက်မခံခဲ့ပေ။ ၁၅ နှစ်ခန့်အကြာတွင် ဘိန်းနှင့်ပတ်သက်၍ တရုတ်က တစ်ဖက်၊ ဗြိတိသျှနှင့် ပြင်သစ်တို့ကတစ်ဖက် ဒုတိယဘိန်းစစ်ပွဲ ဖြစ်ပွားရပြန်သည်။

ဒုတိယဘိန်းစစ်ပွဲ ရှုံးနိမ့်ပြီးနောက် တရုတ်ပြည်တွင်း၌ ဘိန်းစိုက်ပျိုးခွင့်၊ ဘိန်းများကို တရုတ်ပြည်တွင်းသို့ တင်သွင်းခွင့်ကို နယ်ချဲ့တို့အလိုကျ ခွင့်ပြုပေးခဲ့ရသည်။ ၁၉၁၇ ခုနှစ် တွင်မှ ဘိန်းတင်သွင်းခြင်း၊ ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းရှူခြင်းတို့ကို တရုတ် အစိုးရက ရပ်ဆိုင်းစေနိုင်ခဲ့သည်။

နယ်ချဲ့၏ဆိုးမွေ မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်နိုင်ရုံမကဘဲ ကိုလိုနီနယ်ချဲ့လက်သစ်နှင့် ၎င်းတို့၏လက်ပါးစေ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ ဝါဒဖြန့်မှိုင်းမမိအောင် တားဆီးကာကွယ်ရင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်ဦးရွက်မှုအောက်တွင် အမျိုးသားရေးလမ်းကြောင်း မှန်ပေါ်၌ ဖြောင့်တန်းစွာ လျှောက်လှမ်းကြရမည်မှာ ကျွန်မတို့ မြန်မာအမျိုးသမီးထုကြီး၏ မျက်မှောက်ခေတ် သမိုင်းပေး တာဝန်တစ်ရပ်ဖြစ်။

မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများကို ဗြိတိသျှ၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဒတ်ချ်တို့ ကျူးကျော်နယ်ချဲ့သိမ်းပိုက်ကြပြီးနောက် ဒေသခံပြည်သူများအား ဘိန်းစားဖြစ်ရေး စီမံကိန်းများကို တိုးချဲ့လုပ်ဆောင်လာကြသည်။ ၁၉၀၆ ခုနှစ်တွင် အရွယ်ရောက်ပြီးတရုတ် အမျိုးသား ၂၇ ရာခိုင်နှုန်း ဘိန်းစားများဖြစ်ခဲ့ကြရသည်။ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ကိုရီးယားနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်နိုင်ငံများ၌လည်း ဘိန်းစားများ ရှိလာခဲ့သည်။ ဗြိတိသျှတို့သည် ဒေသခံလူငယ်များ ပျက်စီးစေရန် အရက်ဆိုင်၊ ဘိန်းဆိုင်၊ ဘိန်းရှူခန်းများဖွင့်လှစ်စေခဲ့သည်။ ၁၉၃၀ ပြည့်နှစ်၌ အရှေ့တောင်အာရှတွင် နယ်ချဲ့တို့၏ စနက်ကြောင့် အစိုးရလိုင်စင်ရ ဘိန်းခန်း ၆၄၄၁ ခန်းအထိ ရှိနေခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံမှ ဗြိတိသျှတို့ထွက်ခွာသွားချိန်၌ မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ဘိန်းစားဦးရေ ၄၈၂၁၁ ဦး ကျန်နေရစ်ခဲ့သည်။ ဗြိတိသျှတို့က ဘိန်းအခွန်အခများ သန်းချီ၍ယူသွားခဲ့ကြသည်။ လွတ်လပ်ရေးရပြီး ချိန်မှစ၍ မြန်မာနိုင်ငံတွင် ဘိန်းပပျောက်ရေးအတွက် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ပြည်တွင်းသောင်းကျန်းမှု ကြီးထွား လာသဖြင့် ခရီးမတွင်ခဲ့ချေ။

၁၉၄၉-၅၀ ဝန်းကျင်မှစပြီး တရုတ်ပြည်မှ စစ်ရှုံး၍ ထွက်ပြေးလာသော ကူမင်တန်တရုတ်ဖြူ တပ်ပြေးများသည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ကျူးကျော်ဝင်ရောက်လာခဲ့သည်။ တရုတ်ဖြူ တပ်များကို မြန်မာနိုင်ငံအတွင်း ကျူးကျော်စေ၊ ခြေကုပ်ယူစေပြီးမှ တရုတ်ပြည်ကို တိုက်ခိုက်စေရန်ပုံသွင်းရှေ့ဆောင်ခဲ့သည်မှာ စီအိုင်အေဖြစ်ကြောင်း သမိုင်းအထောက်အထားများ အထင်အရှားရှိသည်။

တရုတ်ဖြူတပ်များသည် မြန်မာနိုင်ငံ၌ နယ်ချဲ့ဗြိတိသျှတို့၏ ဆိုးမွေ ဘိန်းစိုက်ပျိုးမှု အလေ့အထကို တစ်စခန်းပြန်ထစေခဲ့သည်။ ရွှေတြိဂံမှ ဘိန်းမည်းမှန်သမျှကို ဘိန်းဖြူအဆင့် ၄ (ဟီးရိုးအင်းနံပါတ်ဖိုး) ဖြစ်အောင် ချက်လုပ်လာခဲ့သည်။ မြန်မာ့တပ်မတော်က တိုက်ထုတ်၍လည်းကောင်း၊ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အရလည်းကောင်း တရုတ်ဖြူတပ်များဆုတ်ခွာသွားသည့်တိုင် မြန်မာနိုင်ငံနယ်စပ်နှင့် ကျန်ရွှေတြိဂံဒေသများတွင် တရုတ်ဖြူတပ်ဖွဲ့ဝင်များ ထောင်နှင့်ချီ၍ ခိုအောင်းနေရစ်ကာ မူးယစ်ဆေးဝါးလုပ်ငန်းကို ဆက်လုပ်ခဲ့သည်။

မြန်မာနိုင်ငံက စစ်ဆင်ရေးပေါင်း မြောက်မြားစွာဖြင့် ဘိန်းခင်းများကို ဖျက်ဆီးပြီး ဘိန်းချက်စခန်းများကို ဖြိုခွင်းခဲ့သည်။ တပ်မတော်သားရာပေါင်းများစွာ အသက်ပေးလှူကာ ဘိန်းစစ်ဆင်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ရသည်။ နယ်စွန်နယ်ဖျားမှ တိုင်းရင်းသားသွေးချင်းများ စားဝတ်နေရေး ဖူလုံစေရန် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးစေခဲ့သည်။ အခြားအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ အခြေချပေးခဲ့သည်။ နယ်စပ်ဒေသများ၌ အေးချမ်းလုံခြုံစေကာ လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပေးခဲ့သည်။ မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ သိုလှောင်၊ ရောင်းဝယ်၊ သုံးစွဲမှုများကို ဖော်ထုတ်ဖမ်းဆီးကာ ဟန့်တားလောက်သည့် ပြစ်ဒဏ်များချမှတ်ခဲ့သည်။ မူးယစ်ဆေးစွဲသူများကို မှတ်ပုံတင်စေကာ ပြန်လည်ပြုစု ပျိုးထောင်ကုသပေးခဲ့သည်။

မျက်မှောက်ခေတ်၌ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ်တာကာလ သတ်မှတ်ကာ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သဖြင့် နယ်စပ်ဒေသအချို့၌ ဘိန်းကင်းဒေသများ သတ်မှတ်ကြေညာနိုင်ခဲ့သည်။ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်လာသဖြင့် ဘိန်းစိုက်တောင်သူများက လက်ဝယ်ရှိ ဘိန်းမျိုးစေ့များကို ဆန္ဒအလျောက် နိုင်ငံတော်ထံအပ်နှံခဲ့သည်။ ဖမ်းမိသော မူးယစ်ဆေးဝါးမျိုးစုံကို သံတမန်များ၊ ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများရှေ့မှောက်၌ ကမ္ဘာသိမီးရှို့ဖျက်ဆီးခဲ့သော အကြိမ်ပေါင်းများလှပြီဖြစ်သည်။

ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်များကို အမြစ်ဖြတ်ချေမှုန်း၍ ခရီးပေါက်မြောက်နေချိန်၌ မြန်မာနိုင်ငံတွင် ထွက်လည်းမထွက်၊ ဝယ်ယူတင်သွင်းခြင်းလည်းမရှိသည့် အက်ဖီဒရင်း၊ ကဖင်း စသည့် ဓာတုပစ္စည်းများဖြင့်ဖော်စပ်သော စိတ်ကြွ ရူးသွပ်ဆေးများကို ဘိန်းစားပြသောင်းကျန်းသူများက အစွန်အဖျားကျသော နယ်စပ်ဒေသများတွင်ထုတ်လုပ်ပြီး ကမ္ဘာ့ အနောက်ခြမ်းသို့ ပို့သည်။ မူးယစ်ဂိုဏ်းများက ထိုဆေးပြားများ မြန်မာနိုင်ငံက ထုတ်လုပ်လေဟန် ဝါဒဖြန့်ထိုးနှက်ကြသည်။ ပြည်တွင်း၌ လူငယ်လူရွယ်များကို ပိန်ဆေး၊ အမောပြေဆေး၊ အားဆေးဟု လိမ်လည်သွေးဆောင်ကာ သုံးစွဲအောင် အကွက်ဆင်လာကြသဖြင့် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အပါအဝင် လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်သိပြည်သူများ၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များပူးပေါင်းပြီး တားဆီးနေရပေသည်။

ကျွန်မတို့ နိုင်ငံသည် မူးယစ်ဆေးဝါး၊ ဘိန်းတို့၏ ဇာတိချက်ကြွေမြေမဟုတ်ပေ။ နယ်ချဲ့တို့ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံဖန်တီးခဲ့သော ဆိုးမွေကို ယနေ့တိုင် ကျားကုတ်ကျားခဲ ဖြိုခွင်းဖယ်ထုတ်နေရခြင်းသာဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့၏ ကိုးကွယ်ရာဘာသာတရား အဆုံးအမ၊ အစဉ်အဆက်စောင့်ထိန်းလာခဲ့သော ရိုးရာယဉ်ကျေးမှု အစဉ်အလာဓလေ့ စရိုက်တို့အရ မြန်မာတိုင်းရင်းသားတို့သည် မူးယစ်ဆေးဝါးကို ဆန့်ကျင်ကြသည်။ ကမ္ဘာ့အနောက်ခြမ်းတွင် ကိုကင်း၊ ဆေးခြောက်၊ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးအမျိုးပေါင်းစုံကို လွတ်လွတ်လပ်လပ် သုံးစွဲနေကြချိန်၊ မူးယစ်ဆေးဝါးများကို အဆီးအတားမရှိ ကာယကံရှင်ဆန္ဒအရ လွတ်လပ်စွာသုံးစွဲခွင့် ရရှိနေချိန် (၎င်းတို့နိုင်ငံများ၌ ဒီမိုကရေစီတောင်းဆိုနေချိန်) ၌ မြန်မာတိုင်းရင်းသားတို့သည် မူးယစ်ဆေးဝါး လုံးဝပပျောက်အောင် အမြစ်ဖြတ်ဆောင်ရွက်နေကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ★

Internent(28) 6 6/28/05, 1:20 AM

ဂုဏ်ရောင်ရှန်းဖြာ မျိုးမြန်မာ

(ထုတိသြဘာ မင်္ဂလာ ဧကပိုဒ်ရတု)

"ပဋ္ဌဂုဏ်၊ အဟံဝန္ဒာမိ သဗ္ဗဒါ"
မြတ်မျိုးမြင့်မှန်၊ ကျင့်ထိုက်တန်သား၊
မျိုးမာန်ဇာတိ၊ ပြည့်လျှံဘိရှင့်၊
ဣတ္ထိယခေါ်၊ ကညာမော်တို့၊
ထင်ပေါ်ကျော်ကြား၊ စဉ်ဝင့်ကြွားခဲ့၊
မြင့်မားဂုဏ်ရည်၊ မြန်ရွှေပြည်ဝယ်၊
သီဂီရောင်ဝင်း၊ ကုမ္မာရီအသင်းတို့၊
ရည်ချင်းပြည့်ဝ၊ နှလုံးလှလျက်၊
မြန်မာ့ဂုဏ်ဆောင်၊ ဤလူ့ဘောင်ဝယ်၊
"ဂုဏ်ရောင်ရှန်းဖြာ၊ မျိုးမြန်မာ"ဟု
ရေးရာစုံညီ၊ ဖွဲ့စည်းပြီရှင့်၊
ဦးတည်ချက်မှန်၊ မြတ်ဓိဋ္ဌာန်နှင့်၊
ရည်သန်ဆောင်ရွက်၊ ပြည်ကျိုးတွက်ရှင့်၊
ထက်မြက်ခိုင်ကျည်၊ သစ္စာတည်သား၊
ဂုဏ်ရည်လျှမ်းတင့်၊ မျိုးဂုဏ်မြှင့်ရန်၊
စွင့်စွင့်ပွင့်လန်း၊ မေတ္တာပန်းတို့၊
ကြိုင်လျှမ်းဝေဆာ၊ ပြည်မြန်မာဝယ်၊
မာလာဖူးပွင့်၊ ငွားငွားစွင့်လျက်တင့်စေသောဝ်၊
ဇေယျာထူးဆင့်၊ ကြွားကြွားဝင့်လျက် မြင့်စေသောဝ်၊
သြဘာကျူးရင့်၊ မားမားမြင့်လျက် စွင့်စေသောဝ်။ ။

[၂၀၀၅ ခုနှစ် ဇူလိုင်လ(၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...]

ယုဝတီကဗျာရှင်
တက္ကသိုလ်နွယ်သဇင်

❀ **ကျောဖုံးမှ**

ညီလာခံကိုယ်စားလှယ်များက အနုပညာရှင်များအား ဂုဏ်ပြုဆုများ ပြန်လည်ချီးမြှင့်ကြသည်။

အလားတူ ညီလာခံကိုယ်စားလှယ်များအား ယမန်နေ့ည ၇နာရီတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ဦးဆောင်၍ တေးသံရှင်များဖြစ်သည့် စိုင်းထီးဆိုင်၊ ရင်ဂို၊ ဂရေဟမ်၊ ဟေမာနေဝင်း၊ မီမီဝင်းဖေ၊ ရတနာဦး၊ ချောစုခင်၊ ဆုန်သင်းပါရ်နှင့် မေခလာတို့က Aurora တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့် ဖျော်ဖြေကြပြီး မင်းသမီး မြင့်မြင့်ကြည် ခေါင်းဆောင်သည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အငြိမ့်ဖြင့် ကပြဖျော်ဖြေကြသည်။ (သတင်းစဉ်)

★ **စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်**

ကျွန်မတို့ မြန်မာအမျိုးသမီးထုကြီးကလည်း ညီညွတ်တက်ကြွစွာ ပါဝင်ကြိုးပမ်းနေကြသည်ကို အားလုံးအသိ ဖြစ်ပါသည်။

ကျွန်မ၏ သားသမီးများကို မူးယစ်ဆေးဝါး၏ ဆိုးကျိုး၊ အန္တရာယ်များကို ထင်လင်းသိမြင်စေရန် သမိုင်းကြောင်းနှင့်ချီ၍ သွန်သင်ထားနိုင်ခဲ့သည်။ နိုင်ငံနှင့်လူမျိုး ကောင်းကျိုးကို ရှေးရှုသော အမျိုးသားရေးလမ်းကြောင်းမှန်မှ သွေဖည်မသွားစေရန်၊ အမျိုးသားရေးသစ္စာ မပျက်ယွင်းစေရန်လည်း သွန်သင်ထားပါသည်။ ၁၉၈၈ခုနှစ် နောက်ပိုင်းရက်များအတွင်း ထုတ်ဝေသော ပြည်ပသတင်းစာများ၌ မသမာသူအဖျက်သမားများ၏ အဆင်းဘီးတပ်တွန်းပို့ခံရသဖြင့် နယ်စပ်သို့ ဘုမသိဘမသိ ထွက်ပြေးတိမ်းရှောင်သွားကြရသည့် မြန်မာလူငယ်များ ဘဝပျက်ရပုံ၊ တစ်ဖက်နိုင်ငံ၌ ရောင်းစားခံရပြီးနောက် ဖမ်းမိခဲ့သည့် မြန်မာအမျိုးသမီးငယ် ၈၀ ကျော်တို့ကို ရိုက်ကူးဖော်ပြထားသည့် ၎င်းသတင်းစာပါ ဓာတ်ပုံများကို မြင်ရကတည်းက ကိုယ့်သား ကိုယ့်သမီးများကိုသာမက သူတစ်ပါးသား သမီးများ၊ နိုင်ငံ၏ အညွန့်အဖူးပွင့်သစ်စကလေးများ ထိုသို့လမ်းမှားမှုမျိုး ထပ်မံမကြုံရအောင် စကားကြုံတိုင်း ကြိုးစားရှင်းပြခဲ့သည်။

မျက်မှောက်ခေတ်၌ မြန်မာအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ပေးရန် ဖွဲ့စည်းဆောင်ရွက်နေသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့လည်း ကျွန်မနှင့်ကျွန်မသမီးတို့ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ နယ်ချဲ့၏ဆိုးမွေ မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်နိုင်ရုံမကဘဲ ကိုလိုနီနယ်ချဲ့လက်သစ်နှင့် ၎င်းတို့၏ လက်ပါးစေ ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ ဝါဒဖြန့်မှိုင်းမမိအောင် တားဆီးကာကွယ်ရင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်ဦးရွက်မှုအောက်တွင် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ ဖြောင့်တန်းစွာ လျှောက်လမ်းကြရမည်မှာ ကျွန်မတို့ မြန်မာအမျိုးသမီးထုကြီး၏ မျက်မှောက်ခေတ် သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာအမျိုးသမီးများနေ့

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

အမျိုးသမီးဘဝဖွံ့ဖြိုးစို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၈–၆–၂၀၀၅ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ရွှေကျင်မြို့မှ ရှောက်သီးထွက်ကုန်လုပ်ငန်း
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	ဒူးနာဝေဒနာကင်းဝေးစေရာ
၇း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	Sunday Talk (18)
၈း၄၀	မိုးလေဝသ ခန့်မှန်းချက်
၈း၄၅	စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	ဂီတဆည်းဆာတေးသံသာ
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	လှည်းကူးမြို့နယ် ကျွန်းအထူးစိုက်ခင်း
၁၀း၁၅	ဖီဖာကမ္ဘာ့ဖလား ၂၀၀၂
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	သံဂဟေအတတ်ပညာ
၁၀း၅၅	ငါးမွေးမြူရေးလုပ်ငန်းသုံးခွကျွန်း စိုက်ပျိုးမွေးမြူရေးစခန်း
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၇–၆–၂၀၀၅)

ခန္တီး
၆ ဒသမ ၇၃ လက်မ
ကသာ
၆ ဒသမ ၂၆ လက်မ
ကျောက်ဖြူ
၅ ဒသမ ၉၈ လက်မ
မောင်တော
၅ ဒသမ ၆၇ လက်မ
သံတွဲ
၄ ဒသမ ၄၁ လက်မ
ကျောက်တော်
၃ ဒသမ ၁၁ လက်မ

ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁) ကျောင်းခန်းမတွင်ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းငွေက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအကြောင်း ဟောပြောဆွေးနွေးစဉ်။ (၃၂)





ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် အာဇာနည်လမ်း မူလမဟာဆေးဝက်ဘာ ပရိယတ္တိစာသင်တိုက်စာချ၊ စာသင် သံဃာတော်အရှင်သူမြတ်တို့အား ၁၃၆၇ခု (ဝါဆိုလပြည့်) ဇူလိုင် ၂၀ရက်(ဗုဒ္ဓဟူးနေ့)တွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အလှူရှင်များသည် မူလမဟာဆေးဝက်ဘာ ပရိယတ္တိစာသင်တိုက် သာသနာရောင်ထွန်းလင်းအဖွဲ့ ဖုန်း ၀၁–၅၅၄၉၄၃၊ ၀၁–၃၈၁၂၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ဦးစိုးမြင့်–ဒေါ်ရီရီစိုးမိသားစု၊ ဒေါက်တာစိန်သိုက်၊ဒေါက်တာစန်းရီမြင့်မိသားစု၊ ဦးကျော်ကျော်စိုး မိသားစု၊ ဦးအောင်အောင်စိုးမိသားစုတို့က အလှူငွေကျပ်တစ်သိန်း ငါးသောင်းကို ဦးစိုးမြတ်အောင် (အတွင်းရေးမှူး)နှင့် ဦးစန်မင်း (စာရင်းစစ်)တို့ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အရည်အချင်းစစ် ရေးဖြေစာမေးပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးလှမြင့်ဦးသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် အဖွဲ့က ကြော်ငြာခေါ်ယူခဲ့သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနရှိ လစ်လပ်နေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပရာ စာစစ်ဌာနများသို့ ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အရည်အချင်းစစ်စာမေးပွဲ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် ယခုဇွန်လအတွင်း အရည်အချင်းစစ် ရေးဖြေစာမေးပွဲသုံးကြိမ်ကျင်းပပေးခဲ့ရာ ဇွန် ၄ရက်နှင့် ၅ရက်တို့တွင်ကျင်းပခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ရာထူးနေရာများအတွက် စာမေးပွဲကို နိုင်ငံခြားစာစစ်ဌာနသုံးခု အပါအဝင် စာစစ်ဌာနကိုးခုတွင် ဖြေဆိုသူ ၂၆၉၇ ဦးအတွက်လည်းကောင်း၊ ဇွန် ၁၁ရက်နှင့် ၁၂ရက်တို့တွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန ရာထူးနေရာများအတွက် စာစစ်ဌာနနှစ်ခုတွင် ဖြေဆိုသူ ၆၃၁ဦးအတွက်လည်းကောင်း၊ ယနေ့ကျင်းပသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရာထူးနေရာများအတွက် စာစစ်ဌာနသုံးခုတွင် ဖြေဆိုသူ ၁၃၁၁ဦးအတွက် လည်းကောင်း အရည်အချင်းစစ် ရေးဖြေစာမေးပွဲများ ကျင်းပပေးခဲ့သည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့ အစည်းအဝေးတွင် နံနက်ပိုင်းသဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (ဂ

ကျန်ရှိနေသည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း မ

❐ ရှေ့ဖုံးမှ

ရေးဦးစွာ အခမ်းအနားမှူးက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်ပေါင်း ၄၂၃ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ် ၄၁၉ဦး တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ ၀၅ ရာခိုင်နှုန်းရှိသဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အဖွင့်အမှာစကားပြောကြား

အစီအစဉ်အရ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် (၂၀၀၅)ခုနှစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံမှာ ကိုယ်စားလှယ်များ ကျန်းမာချမ်းသာစွာဖြင့် စုံစုံညီညီ တက်တက်ကြွကြွ တက်ရောက်လာကြသည့်အတွက် များစွာနှစ်ထောင်းအားရ ဝမ်းမြောက်မိပါကြောင်း မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကိုယ်စား ပြောကြားလိုကြောင်း။



လက်မှတ်ရေးထိုး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့အစည်းအဝေးကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ၌ ကျင်းပရာ ညီလာခံကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအနေနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို စစ်မှုထမ်းဟောင်းများနှင့် မိသားစုများ၏ လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကိုသာမက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အမျိုးသားနိုင်ငံရေး လုပ်ငန်းတာဝန်များကိုပါ ကြိုးပမ်းထမ်းဆောင်နိုင်သည့် အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ကျစ်လျစ်ခိုင်မာစွာ စည်းရုံးဖွဲ့စည်းဆောင်ရွက်ခဲ့။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရက နိုင်ငံတော်၏ ကိစ္စအဝဝကို တာဝန်ယူစီမံဆောင်ရွက်လုပ်ကိုင်နေသည့်ကာလဖြစ်သကဲ့သို့ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေသည့် ကာလလည်းဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် နှစ်ပေါင်းထောင်ချီကာ စည်းလုံးညီညွတ်စွာ ဥမကွဲသိုက်မပျက် စုစည်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလွန်အလေးထားတည်ဆောက်နေရသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် မူဝါဒလမ်းစဉ်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အမျိုးသားရေးမူဝါဒနှင့်အညီ အနာဂတ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ကာ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သို့ စနစ်တကျ ချီတက်နေသည့် ကာလဖြစ်ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

ပြည်သူ့သဘောထား(၄)ရပ်၊ ပုဂံမှာကျင်းပသည့် လူထုအစည်းအဝေးကြီးကချမှတ်ခဲ့သော ပြည်သူတို့၏သန္နိဋ္ဌာန်(၆)ရပ်တို့ကိုလည်း အမျိုးသား နိုင်ငံရေးလမ်းစဉ်များအဖြစ်ခံယူပြီး နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်လည်းဖြစ်ကြောင်း။

နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် အကြောင်းအမျိုးမျိုး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့ အစည်းအဝေးတွင် နံနက်ပိုင်း အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ အရာခံဗိုလ်မီမီမောင်ထွေးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယအရာခံဗိုလ် အိရွှေစင်မင်းတို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကြောင့် ရပ်ဆိုင်းထားခဲ့ရသည့် အမျိုးသားညီ
ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေ
ရေးနှင့်တရားစီရင်ရေးကဏ္ဍများအတွက် အ
မြင်မြင် ညှိနှိုင်းဆွေးနွေးနိုင်ပြီးဖြစ်ကြောင်း။

ကမ္ဘာသိကြေညာ

နိုင်ငံတော်၏ရှေ့ဆက်သွားရမည့် မူဝါဒ
ကမ္ဘာသိအောင်ကြေညာထားပြီးဖြစ်သည့်အတ
စဉ်များကိုလည်း မဖြစ်မနေ အဆင့်လိုက်
ဖြစ်ကြောင်း။

ယင်းကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံ
ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်
သစ်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက်
နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အ
ဟန်ချက်ညီညီ ပေါင်းစည်းအားပြု ဆောင်

ပြည်သူများ၏အင်အားဆိုရာမှာလည်း စ
ရေးစွမ်းအားစုများအဖြစ် ဖွဲ့စည်းထူထောင်
အဖွဲ့များ၏ စွမ်းအားများသည် အဓိက
ကြောင်း။

အရန်အင်အား

ထို့ကြောင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်
အဖွဲ့တစ်ရပ်အနေနှင့်သော်လည်းကောင်း၊ လ
ထားရသည့် တပ်မတော်၏ အရန်အင်အား
ကောင်း အခြားသော မိတ်ဖက်လူမှုရေးအသင်
လျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ
အမျိုးသားရေးတာဝန်များကို တက်တက်ကြွ
သွားကြဖို့ တာဝန်ရှိကြောင်း ပြောကြားလို

ဤနေရာတွင် အလျဉ်းသင့်၍ မြန်မာနို
အဆင့်ဆင့် ဖွဲ့စည်းဖြစ်ပေါ်လာပုံ နောက်ခံ
ပြောကြားလိုကြောင်း။

၁၉၄၈ ခုနှစ်တွင် တပ်မတော်က အကြေ
ခဲ့ကြသည့် စစ်ပြန်စစ်မှုထမ်းဟောင်းများသည်
စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့များကို ကိုယ့်
ကြောင်း၊ ဆက်လက်၍ ၁၉၇၃ ခုနှစ်မှာ
အဖွဲ့ကြီးကို စနစ်တကျဖွဲ့စည်းနိုင်ခဲ့ပြီး ၁
ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများကို အ
ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ၁၉၇၆ခုနှစ်
တစ်ကြိမ်၊ ၁၉၈၂ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉
ပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၈၈ ခုနှ
တပ်မတော်က အမျိုးသားရေးတာဝန်အနေဖြင့်
ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အညီ လ
၁၉၈၉ခုနှစ် ဩဂုတ် ၁၀ရက်နေ့မှာ နိုင်ငံတော်
အဖွဲ့က ဥပဒေအမှတ် (၁၇/၈၉)ဖြင့် အဖွဲ့
လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ
ပြန်လည်ဖွဲ့စည်းစေခဲ့ကြောင်း၊ အဖွဲ့ကြီး၏လ
အထည်ဖော်ဆောင်ရွက်ရာတွင် အားနည်း
အောက်တိုဘာ ၂၁ရက်နေ့တွင် နိုင်ငံတော်အေ
ကောင်စီက အမိန့်အမှတ်(၃/၉၈)ဖြင့် မြန်မ

ကြောင့် ရပ်ဆိုင်းထားခဲ့ရသည့် အမျိုးသားညီလာခံကို အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးကဏ္ဍများအတွက် အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ညှိနှိုင်းဆွေးနွေးနိုင်ပြီးဖြစ်ကြောင်း။

ကမ္ဘာသိကြေညာထား

နိုင်ငံတော်၏ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းသိပြည်သိကမ္ဘာသိအောင်ကြေညာထားပြီးဖြစ်သည့်အတွက် ကျန်ရှိနေသည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း မဖြစ်မနေ အဆင့်လိုက် လုပ်ကိုင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ယင်းကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အင်အားသုံးရပ်၏ စွမ်းပကားကို ဟန်ချက်ညီညီ ပေါင်းစည်းအားပြု ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြည်သူများ၏အင်အားဆိုရာမှာလည်း စုစည်းထက်မြက်သည့် အမျိုးသားရေးစွမ်းအားစုများအဖြစ် ဖွဲ့စည်းထူထောင်ထားသည့် လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားများသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ဗဟိုစည်းရုံးရေးကော်မတီကို ကော်မတီဝင် ၃၁ဦးဖြင့် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ၂၀၀၅ခုနှစ် မတ် ၁၅ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၀၅)ဖြင့် ဗဟိုစည်းရုံးရေးကော်မတီကို ကော်မတီဝင် ၄၂ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း။

စည်းရုံးဖွဲ့စည်း

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအနေနှင့်လည်း မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို စစ်မှုထမ်းဟောင်းများနှင့် မိသားစုများ၏ လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကိုသာမက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အမျိုးသားနိုင်ငံရေးလုပ်ငန်းတာဝန်များကိုပါ ကြိုးပမ်းထမ်းဆောင်နိုင်သည့် အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ကျစ်လျစ်ခိုင်မာစွာ စည်းရုံးဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ဗဟိုနာယကကြီးဖြစ်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များကို ခုနစ်ကြိမ်တိုင်တိုင် တွေ့ဆုံ၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးနှင့်ပတ်သက်၍ သြဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ကြောင်း။

နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားခဲ့ရသည့် အမျိုးသားညီလာခံကို အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများအတွက် အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ညှိနှိုင်းဆွေးနွေးနိုင်။

ါဒလမ်းစဉ် (၇)ရပ်ကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ကြေညာထား
ျားကိုလည်း မဖြစ်မနေ အဆင့်လိုက် လုပ်ကိုင်ဆောင်ရွက်သွားမည်



အရန်အင်အားစု

ထို့ကြောင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေနှင့် လူမှုရေးအသင်းအဖွဲ့တစ်ရပ်အနေနှင့်သော်လည်းကောင်း၊ လက်ရှိမှာ နိုင်ငံတော်ကို တာဝန်ယူထားရသည့် တပ်မတော်၏ အရန်အင်အားစုတစ်ရပ်အဖြစ်နှင့်သော် လည်းကောင်း အခြားသော မိတ်ဖက်လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်းလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ အမျိုးသားရေးတာဝန်များကို တက်တက်ကြွကြွ ကျေကျေပွန်ပွန် ထမ်းဆောင်သွားကြဖို့ တာဝန်ရှိကြောင်း ပြောကြားလိုကြောင်း။

ဤနေရာတွင် အလျဉ်းသင့်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး အဆင့်ဆင့် ဖွဲ့စည်းဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကြောင်းကို အကျဉ်းချုပ်ပြောကြားလိုကြောင်း။

၁၉၄၈ ခုနှစ်တွင် တပ်မတော်က အကြောင်းအမျိုးမျိုးကြောင့် အနားယူခဲ့ကြသည့် စစ်ပြန်စစ်မှုထမ်းဟောင်းများသည် မိမိတို့နေထိုင်ရာ မြို့နယ်အလိုက် စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့များကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖွဲ့စည်းခဲ့ကြကြောင်း၊ ဆက်လက်၍ ၁၉၇၃ ခုနှစ်မှာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို စနစ်တကျဖွဲ့စည်းနိုင်ခဲ့ပြီး ၁၉၇၅ခုနှစ်မှာ စစ်မှုထမ်းဟောင်းဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ၁၉၇၆ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၇၉ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၂ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၈၆ ခုနှစ်တွင်တစ်ကြိမ် ပြင်ဆင်ပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏တာဝန်ကို တပ်မတော်က အမျိုးသားရေးတာဝန်အနေဖြင့် မလွှဲမရှောင်သာ ယူခဲ့ရကြောင်း၊ ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အညီ လိုက်လျောညီထွေဖြစ်ရေးအတွက် ၁၉၈၉ခုနှစ် ဩဂုတ် ၁၀ရက်နေ့မှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ် (၁၇/၈၉)ဖြင့် အဖွဲ့ကြီး၏ ဥပဒေနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ပြန်လည်ဖွဲ့စည်းစေခဲ့ကြောင်း၊ အဖွဲ့ကြီး၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားနည်းချက်များကြောင့် ၁၉၉၈ခုနှစ် အောက်တိုဘာ ၂၁ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်အမှတ်(၃/၉၈)ဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့ အစည်းအဝေးတွင် နေ့လယ်ပိုင်း သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဦးအောင်သောင်းနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏ သြဝါဒနှင့်လမ်းညွှန်ချက်များကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးနှင့် စစ်မှုထမ်းဟောင်းအဖွဲ့အစည်း အဆင့်ဆင့်တို့က လုပ်ငန်းလမ်းညွှန်များအဖြစ် ခံယူပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြကြောင်း။

ဦးဆောင်လမ်းညွှန်မှုခံယူ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးသည် တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူလူထုနှင့် လက်တွဲဆောင်ရွက်သွားရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုတို့၏ သက်သာချောင်ချိရေးကို ကူညီဆောင်ရွက်ရန်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်များ အောင်မြင်စေရေးအတွက် စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၁) ခုနှစ်က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်၊ လုပ်ငန်းတာဝန်ကြီးငါးရပ်တို့ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီဝင်များကို ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စစ်မှုထမ်းဆဲ အရာရှိကြီးများ၊ တာဝန်ထမ်းဆောင်နေဆဲ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖွဲ့စည်းဆောင်ရွက်စေခဲ့ကြောင်း၊ ပြည်နယ်၊တိုင်း၊ ခရိုင်အလိုက် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းပြီး ယင်းတို့ ကွပ်ကဲမှုအောက်တွင် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းပေးခဲ့ကြောင်း။

ယခုဆိုလျှင် ပြည်နယ်၊ တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၁၉ဖွဲ့၊ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ၆၅ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ၃၀၈ ဖွဲ့တို့ကို အဖွဲ့ဝင်အင်အား အငြိမ်းစားအရာရှိ ၃၈၇၁ ဦး၊ အခြားအဆင့် ၈၂၁၁၄ ဦး၊ အရန်အဖွဲ့ဝင် ၅၀၁၇၁ ဦး စုစုပေါင်း ၁၃၆၁၅၆ ဦးဖြင့် လက်ရှိဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

အောင်မြင်စွာကျင်းပခဲ့

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၁) ကို ၂၀၀၁ ခုနှစ် ဇွန် ၂ရက်နေ့မှ ၅ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သကဲ့သို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ်ကိုလည်း အမျိုးသားနိုင်ငံရေး အနှစ်သာရရှိရှိ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုစည်းရုံးရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ပြည်နယ်၊တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၁၉ ဖွဲ့သည် ၂၀၀၅ခုနှစ် ဧပြီ ၂၂ ရက်နေ့မှ ဇွန် ၅ ရက်နေ့အထိ အကြိုညီလာခံများ ကျင်းပနိုင်ခဲ့ပြီး ဗဟိုစည်းရုံးရေးကော်မတီ၏ လမ်းညွှန်ချက်များအတိုင်း ယင်းအကြိုညီလာခံများတွင် ပြည်နယ်နှင့်တိုင်းအလိုက် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များ၏ အစီရင်ခံစာတင်သွင်းခြင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းကဏ္ဍကြီးငါးရပ်အပေါ် ဆွေးနွေးတင်ပြခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများကို စနစ်တကျ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ကြပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအနေဖြင့် လုပ်ငန်းကဏ္ဍကြီးငါးရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုနှင့်

ပတ်သက်ပြီး အနည်းငယ် ပြောကြားလိုကြောင်း။

လုပ်ငန်းကဏ္ဍကြီး ငါးရပ်အနက် ပထမအချက်ဖြစ်သော အမျိုးသားနိုင်ငံရေးကဏ္ဍကို မိမိကိုယ်တိုင် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး ဒုတိယအဖွဲ့ခေါင်းဆောင် တစ်ဦး၊ အဖွဲ့ဝင်သုံးဦးနှင့် ဖွဲ့စည်းပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် စစ်မှုထမ်းဟောင်း အဆင့်မြင့်သင်တန်း အကြိမ် ၃၀၊ ရက်တိုသင်တန်း ၃၆ကြိမ်၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းများတွင် စစ်မှုထမ်းဟောင်း ပုံမှန်သင်တန်း ၂၄၃ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အရာရှိ၊ စစ်သည် ၂၀၃၅၉ ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့ကြောင်း၊ ယင်းစစ်မှုထမ်းဟောင်း သင်တန်းများတွင် သင်တန်းသားများကို သတင်းနှင့်နည်းပညာခေတ်၊ နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲ တိုးတက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ၊ အရှေ့တောင်အာရှ နိုင်ငံများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရှိန်အဟုန်များ မြင့်မားစွာတိုးတက်ပြောင်းလဲနေမှုများ၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နေမှုများ၊ ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ်၊ ပုဂံတွင်ကျင်းပသည့် လူထုအစည်းအဝေးကြီးက ချမှတ်သည့် ပြည်သူတို့၏ သန္နိဋ္ဌာန်ခြောက်ရပ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ပထမနေ့ အစည်းအဝေးတွင် နေ့လယ်ပိုင်း အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ အရာခံဗိုလ် ရီရီစိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် တပ်ကြပ်ကြီး ငြိမ်းငြိမ်းမြတ်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

လုပ်ငန်းများ သတ်မှတ်ချိန်ထက် စောပြီးစီးပါက ပြည်သူများအချိန်စောပြီးခံစားရကာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဆိုသည့် မျှော်မှန်းချက်ဖြင့် တက်ကြွစွာဆောင်ရွက်နေ

▲ စာမျက်နှာ ၉ မှ

စသည်တို့အား အမျိုးသားနိုင်ငံရေးယုံကြည်ချက်၊ ခံယူချက်များ ခိုင်မာလာစေရေးအတွက် ထည့်သွင်းပို့ချစေခဲ့ကြောင်း၊ ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် ကြိုးပမ်းတည်ဆောက်နေသော ကာလဖြစ်ပေရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်သည် တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူကာ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ယုံကြည်ချက်၊ ခံယူချက်အပြည့်အဝဖြင့် ပါဝင်ထမ်းဆောင်နိုင်ရေး စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ကာကွယ်ရေး

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးကအဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူပြီး ဒုတိယအဖွဲ့ခေါင်းဆောင်တစ်ဦး၊ အဖွဲ့ဝင်သုံးဦးဖြင့်ဖွဲ့စည်းပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို အသက်အရွယ်များအလိုက် တပ်ရင်းများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ဖွဲ့စည်းပြီးနောက် တိကျသည့် လုပ်ငန်းတာဝန်များသတ်မှတ်ပြီး စနစ်တကျ လေ့ကျင့်ပေးခဲ့ကြောင်း။

စီးပွားရေးလုပ်ငန်းကဏ္ဍအနေဖြင့် စီးပွားရေးဦးဆောင်ကော်မတီကို ဖွဲ့စည်း၍ မိမိကဥက္ကဋ္ဌတာဝန်ကို တာဝန်ယူဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ အဖွဲ့ဝင်လေးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် အကျိုးအမြတ်ရရှိနိုင်သော လုပ်ငန်းများတွင် အရင်းအနှီးများ ရင်းနှီးမြှုပ်နှံပြီးရရှိလာသည့်အကျိုးအမြတ်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုတို့၏ သက်သာချောင်ချိရေးတို့အတွက် ကူညီထောက်ပံ့ပေးနိုင်ရန်နှင့် နိုင်ငံတော်၏လူမှုရေးကိစ္စများတွင်လည်းတတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး စီးပွားရေးဦးဆောင်ကော်မတီ၏အောက်တွင် ကုန်ထုတ်လုပ်ငန်းအဖွဲ့၊ ကုန်သွယ်မှုလုပ်ငန်းအဖွဲ့၊ ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့နှင့် စက်မှုလက်မှုလုပ်ငန်းအဖွဲ့ လေးဖွဲ့တို့ကို ဖွဲ့စည်းပြီး စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍအနေဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ပြီး ဒုတိယအဖွဲ့ခေါင်းဆောင်တစ်ဦး၊ အဖွဲ့ဝင်သုံးဦးနှင့် ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့အနေဖြင့် အဖွဲ့ဝင်များနှင့် မိသားစုတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် သက်သာချောင်ချိရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုရေးအခက်အခဲများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ လူမှုရေးနှင့် သက်သာချောင်ချိရေးများကို ဆောင်ရွက်ရာတွင် ဗဟိုစည်းရုံးရေးကော်မတီမှ တိုက်ရိုက်တာဝန်ယူ ဆောင်ရွက်ပေးသောလုပ်ငန်းများနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့်တို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်းရုံးရေးကော်မတီများမှ တာဝန်ယူဆောင်ရွက်ရသောအပိုင်းဟူ၍ အပိုင်းနှစ်ပိုင်း ခွဲခြားဆောင်ရွက်ခဲ့ကြောင်း။

ထောက်ပံ့ပေးခဲ့

ဗဟိုစည်းရုံးရေးကော်မတီအဆင့်အနေဖြင့် မသန်စွမ်း စစ်မှုထမ်းဟောင်းများ၊ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ၊ ဒူးအောက်ပြတ် မသန်စွမ်း စစ်မှုထမ်းဟောင်းများ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သား၊ သမီးများဖြစ်ကြသည့် အရန်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီးများကို ထောက်ပံ့ကြေးများ ထောက်ပံ့ပေးနိုင်ခဲ့ခြင်း၊ တပ်မတော်မှ သက်ပြည့်အငြိမ်းစား ရယူခဲ့ကြသော စစ်မှုထမ်းဟောင်းများနှင့် ရန်သူ့လက်ချက်ဖြင့် ထိခိုက်ဒဏ်ရာရရှိကာ မသန်စွမ်းဖြစ်သွားကြသော စစ်မှုထမ်းဟောင်းများကို တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ ပြည်တွင်း၊ပြည်ပအလုပ်အကိုင်များ ရှာဖွေပေးနိုင်ခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် လမ်းတံတားများ ဆောက်လုပ်ပေးခြင်း၊ ကျေးရွာဆေးပေးခန်းနှင့် မူလတန်းသင်စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ စာသင်ကျောင်းများအတွက် ငွေပဒေသာပင်များ စိုက်ထူပေးခြင်းများကို ဗဟိုအဆင့်မှဆောင်ရွက်ပေးနိုင်ခဲ့ပြီး စုစုပေါင်း ငွေကျပ်သန်းပေါင်း ၅၁၃ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ နာရေးထောက်ပံ့ခြင်း၊ မကျန်းမမာဖြစ်လျှင် ဆေးဝါးကုသပေးနိုင်ရေးနှင့် တပ်မတော်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ် အသီးသီးတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားများကို ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဆက်တည်းမှာပင် မြို့နယ်အဆင့်များတွင်လည်း ပြည်နယ်၊ တိုင်း၊ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ၏အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ထောက်ပံ့မှုအမျိုးအစား ၁၀မျိုးခွဲခြားပြီး ငွေကျပ်သန်းပေါင်း ၅၈၇ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

တင်သွင်း

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဘုန်းဆွေ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။(သတင်းစဉ်)

ပြည်သူ့အကျိုးပြု

ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက အဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူပြီး ဒုတိယအဖွဲ့ခေါင်းဆောင်တစ်ဦး၊ အဖွဲ့ဝင်သုံးဦးနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ များပြားကျယ်ဝန်းလှသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အခြားလူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး ပြည်သူလူထုနှင့်လက်တွဲကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ပြည်သူအတွက် တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းများ၊ ပြည်သူများအတွက် သွယ်ဝိုက်အကျိုးပြုသည့် လုပ်ငန်းများဟူ၍ အကြမ်းဖျင်း လုပ်ငန်းနှစ်မျိုးခွဲပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ စီမံကိန်းကြီးများတွင် တတ်စွမ်းသမျှပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး စီမံကိန်းအတွက်လိုအပ်သော အလုပ်သမားများ၊ ယာဉ်ယန္တရားများ၊ အုတ်၊ သဲ၊ ကျောက်ရရှိရေး၊ မြေသားလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းများတွင် သတ်မှတ်ချိန်ထက်စော၍ ပြီးစီးပါက ပြည်သူများအတွက် အချိန်စောပြီးအခွင့်အရေး ခံစားရကာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်သည်ဆိုသည့် မျှော်မှန်းချက်ဖြင့်တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

များပြားကျယ်ဝန်းလှသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူလူထုနှင့်လက်တွဲ၍ဆောင်ရွက်ခဲ့ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ ငါးရပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြို့ရွာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

များပြားကျယ်ဝန်းလှသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အခြားလူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ပြည်သူလူထုနှင့်လက်တွဲကာ ဆောင်ရွက်ခဲ့ရာ ပြည်သူအတွက် တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းများ၊ ပြည်သူများအတွက် သွယ်ဝိုက် အကျိုးပြုသည့် လုပ်ငန်းများဟူ၍ အကြမ်းဖျင်း လုပ်ငန်းနှစ်မျိုးခွဲပြီး လုပ်ကိုင် ဆောင်ရွက်ခဲ့။

ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို မြစ်ကြီးနားခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကယားပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို လွိုင်ကော်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မော်မော် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို မင်းတပ်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို မြိတ်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ဂုဏ်ဒြပ်နှင့်ပြည့်စုံပြီး ပြည်သူအားထားယုံကြည်သည့် အဖွဲ့ကြီးဖြစ်ရန် ဆက်လက်ကြိုးပမ်း

➪ စာမျက်နှာ ၁၀ မှ

ကျေးလက်ဒေသများ သာယာလှပရေး၊ သန့်ရှင်းရေး၊ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကျေးရွာများတွင် ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ ဆောက်လုပ်လှူဒါန်းပေးခြင်း၊ သောက်သုံးရေရရှိရေးအတွက် အလှူငွေများ စဉ်ဆက်မပြတ် ပေးအပ်လှူဒါန်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နိုင်ငံအဝန်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်း ၈၁၄၄ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အပြုသဘောဆွေးနွေး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးသည် ဗဟိုနာယကဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သြဝါဒများ၊ လမ်းညွှန်မှုများကို စဉ်ဆက်မပြတ်ခံယူကာ တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လုပ်ငန်းတာဝန်ကြီးငါးရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များပါဝင်သည့် ဗဟိုစည်းရုံးရေးကော်မတီ၏ အစီရင်ခံစာကို ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူးက တင်သွင်းမည်ဖြစ်သကဲ့သို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့ကျရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးသွားကြသည့်အခါ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဘက်စုံတိုးတက်လာအောင် ဆောင်ရွက်သင့်သည့်လုပ်ငန်း၊ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုများ၏ အားနည်းချက်၊ အားသာချက်၊ ပျော့ကွက်၊ ဟာကွက်များကို ထောက်ပြကြပြီး အပြုသဘောဆောင်သည့် အကြံဉာဏ်ကောင်းများပေးရန် လိုအပ်ကြောင်း၊ လုပ်ငန်းကဏ္ဍများအလိုက်၊ ပြည်နယ်၊ တိုင်းများအလိုက်၊ အစုအဖွဲ့များအလိုက် အပြုသဘောဖြင့် အကြံပြုဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ သို့မှသာ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို သုံးသပ်ပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်မှာ ဖြစ်ကြောင်း။

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ်ကို ယခုကဲ့သို့ ကျင်းပသည့်အချိန်အခါတွင် တပ်မတော်က အနားယူပြီးနောက် မြန်မာပြည်တစ်ဝန်းတစ်ယောက်တစ်နေရာဆီ ရောက်ရှိနေသည့် လုပ်ဖော်ကိုင်ဖက် တပ်မတော်သားစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် ဤညီလာခံကြီးတွင် ပျော်ပျော်ရွှင်ရွှင် ဝမ်းမြောက်ဝမ်းသာ ပြန်လည်ဆုံတွေ့ကြရသည့် အခွင့်အလမ်းလည်း ရရှိစေခဲ့ကြောင်း၊ ထို့ကြောင့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် ညီလာခံကာလတစ်လျှောက် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရင်း တစ်ဖက်ကလည်း မိမိတို့၏ လုပ်ဖော်ကိုင်ဖက် တပ်မတော်သားများအချင်းချင်း ပျော်ပျော်ရွှင်ရွှင် ရင်းရင်းနှီးနှီး ဆွေးနွေးအကြံပြုခြင်းများကို အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မှာ ဖြစ်သည်ဟု မိမိအနေဖြင့် လုံးဝယုံကြည်မိပါကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးသည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်ရေးအတွက် ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်၊ ပြည်သူ့သဘောထား (၄)ရပ်၊ ပြည်သူတို့၏ သန္နိဋ္ဌာန် (၆)ရပ်တို့ကို အမျိုးသားနိုင်ငံရေးလမ်းစဉ်အဖြစ်ခံယူပြီး နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ကိုယ်ပိုင်ဂုဏ်သိက္ခာ၊ ကိုယ်ပိုင်ဂုဏ်ဒြပ်နှင့် ပြည့်စုံပြီး ပြည်သူအများအားထားယုံကြည်ကိုးစားရသည့် အဖွဲ့ကြီးဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါ၊ ပြည်သူနှင့် တပေါင်းတစည်းတည်းရှိနေသော စစ်မှုထမ်းဟောင်းအဖွဲ့ကြီးသည် တပ်မတော်နှင့် ပြည်သူကို ပေါင်းကူးပေးရမည့် အဓိကအင်အားစုကြီးဖြစ်ခြင်းကြောင့် ပြည်သူလူထုကို အမြဲမပြတ်စည်းရုံးပါ၊ တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူပြီး တပ်မတော်၏ အရန်အင်အားတစ်ရပ်၊ စုစည်းညီညွတ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်မားသည့် အမျိုးသားရေးစွမ်းအားစု တစ်ရပ်အဖြစ် မြဲမြဲစွာရပ်တည်ပြီး မိတ်ဖက်လူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ အမျိုးသား နိုင်ငံရေးတာဝန်များကို မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ လူမှုရေး၊ သက်သာချောင်ချိရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေဖြင့်စီးပွားရေး အခြေခံကောင်းများရှိပြီး ခနအင်အား တောင့်တင်းခိုင်မာရန်လိုအပ်ကြောင်း၊ ထို့ကြောင့် အဖွဲ့ဝင်များ၊ အရန်အဖွဲ့ဝင်များတို့၏ လူမှုရေး၊ သက်သာချောင်ချိရေးတို့ကိုအစွမ်းကုန် တိုးတက်ထောက်ပံ့နိုင်ရန်အပြင် ပြည်သူလူထုတစ်ရပ်လုံး၏ လူနေမှုအခက်အခဲများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်ပြီးစီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်လုပ်ကိုင်ကြပါ၊ ပြည်တွင်းဈေးကွက်မှသည် နိုင်ငံတကာဈေးကွက်များအထိ ထိုးဖောက်နေရာယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊ ဗဟိုအဆင့်မှသည် အောက်ခြေအဆင့်ထိ လုပ်ငန်းတာဝန်များကို တိကျစွာ ခွဲဝေသတ်မှတ်ပြီး လုပ်ငန်းကဏ္ဍကြီးငါးရပ်ကို ဆတက်ထမ်းပိုး အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုတို့ကို အခုထက် ပိုမိုဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါ၊ မသန်စွမ်းစစ်သည်များကိုလည်း ကူညီပေးကြပါ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒို့တာဝန်အရေး(၃)ပါး ဦးထိပ်ထား၍ တိုင်းပြည်နှင့်လူမျိုးအတွက် ယုံကြည်ချက်၊ ခံယူချက်အပြည့်အဝဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●

အမျိုးသားနိုင်ငံရေးတာဝန်များကို မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ကြိုးပမ်းဆောင်ရွက်

ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ဒိုက်ဦးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့် (အငြိမ်းစား) ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်သိန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်သိန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ဒဂုံမြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးမောင်ဝင်း(အငြိမ်းစား) ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို လင်းခေးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို မော်လမြိုင်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ကျောက်ဖြူခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ဟင်္သာတမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးမျိုးသိန်း(အငြိမ်းစား) ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၁၁ မှ

ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကိုယ်စားလှယ်များက ပြည်နယ်နှင့်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များ၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေက ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ကယားပြည်နယ် လွိုင်ကော်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်က ကယားပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မော်မော်က ကရင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ချင်းပြည်နယ် မင်းတပ်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရက ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် တနင်္သာရီတိုင်း မြိတ်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်က တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပဲခူးတိုင်း(အရှေ့ပိုင်း) ဒိုက်ဦးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(အငြိမ်းစား)က ပဲခူးတိုင်း(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် မကွေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်သိန်းက မကွေးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့အစည်းအဝေး နံနက်ပိုင်းအစီအစဉ်များကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ပထမနေ့ အစည်းအဝေး နေ့လယ်ပိုင်း အစီအစဉ်များကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဦးအောင်သောင်းကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်ထွန်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့မှ အရာခံဗိုလ်ရီရီစိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့မှ တပ်ကြပ်ကြီးငြိမ်းငြိမ်းမြတ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်သိန်းက မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် မော်လမြိုင်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်က မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်က ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးမောင်ဝင်း(အငြိမ်းစား)က ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးမျိုးသိန်း(အငြိမ်းစား)က ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့ အစည်းအဝေး ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅)၏ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများကို ဇွန် ၂၈ ရက်တွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ကျင်းပ

ရန်ကုန် ဇွန် ၂၇

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက်က အထက(၃)၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟို အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်က ဖတ်ကြားသည်။

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး သိကောင်းစရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းနိုင်၊ တွဲဖက်မြို့နယ်တရားသူကြီး ဦးမျိုးအောင်၊ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်စုစုဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သန်းလှနှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်အေးမြစံတို့က ဆွေးနွေးဟောပြောကြသည်။

(က–ပ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒေါပုံမြို့နယ် အထက(၁)တွင် ဇွန် ၂၆ရက်က ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင် ဖတ်ကြားစဉ်။ (က–ပ)

နိုင်ငံခြားတွင်ပြသခဲ့သည့် "ချစ်ခြင်းငယ်ပြိုင်" ရုပ်ရှင်ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဇွန် ၂၇

မြန်မာရုပ်ရှင် ဇာတ်ကားသစ်များ ရုံမဝင်ဘဲ ပြသဆဲဇာတ်ကားများသာ ဆက်လက်၍ ပြသနေဆဲ၊ ပရိသတ် အားပေးနေဆဲ ဖြစ်သည်။

ဇွန် ၁၇ ရက်က ရုံတင်ပြသခဲ့သည့် **ချစ်ခြင်းငယ်ပြိုင်** ဆေးရောင်စုံ ဇာတ်ကားသည် သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသနေသည်။

ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားသည် မြန်မာရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာသို့ ထိုးဖောက်တိုးဝင်နိုင်ရေး ကြိုးပမ်းနေသည့်ကာလတွင် ပေါ်ထွက်လာသည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဂျပန်နိုင်ငံတွင် ရက်ပေါင်း ၄၀၊ မြန်မာနိုင်ငံတွင် ရက် ၂၀ ကြာ ရိုက်ကူးခဲ့ပြီး အရုပ်၊ အသံများ နိုင်ငံတကာအဆင့်မီ ထွက်ပေါ်လာစေရန် ဗန်ကောက်မြို့ Technicolor Lab တွင် ဖလင်များ ကူးဆေးခဲ့ကြောင်း သိရသည်။ မြန်မာရုပ်ရှင် ဒါရိုက်တာ၊ မြန်မာဖလင်တည်းဖြတ်၊ မြန်မာအသံအင်ဂျင်နီယာများ ဦးဆောင်လုပ်ကိုင်ပြီး ထိုင်းနိုင်ငံ လေးဖက် သံကြားစက်တွင် ထူးခြားသော အသံ၊ အရည်အသွေးများရှိအောင် ဖန်တီးခဲ့ခြင်း ဖြစ်သည်။

ချစ်ခြင်းငယ်ပြိုင် ရုပ်ရှင်ဇာတ်ကားကို ဗန်ကောက်မြို့ရှိ နာမည်ကြီးရုပ်ရှင်ရုံများဖြစ်သော Emporium တွင် တစ်ကြိမ်၊ Isetan တွင် တစ်ကြိမ် နှစ်ကြိမ် ပြသခွင့် ရှိခဲ့ရာ ဒုတိယပွဲတွင် ရုံပြည့်ရုံလျှံ အားပေးသောကြောင့် နောက်တစ်နေ့တွင် Siam Square ရုပ်ရှင်ရုံ၌ တစ်ပွဲထပ်တိုးပြီး ပြသခဲ့ရသည်။

ထို့ပြင် မေလဆန်းပိုင်းက စင်ကာပူ–မြန်မာရုပ်ရှင်ပွဲတော်တွင်လည်း ပြသပေးခဲ့ပြီး ပွဲတော်အပြီး ဆက်လက်ပြသပေးခဲ့သည်။ ဇွန် ၁၇ ရက်တွင် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် တစ်ပြိုင်တည်း ပြသခဲ့သည်။

ဂျပန်နိုင်ငံ တိုကျိုအပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်တွင် ပြိုင်ပွဲဝင် ရုပ်ရှင်ဇာတ်ကားအဖြစ် သွားရောက်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာတွင် ပွဲလယ်တင့်နေပြီဖြစ်သော **ချစ်ခြင်းငယ်ပြိုင်** ရုပ်ရှင်ဇာတ်ကားကို မြသရဖူရုပ်ရှင် ထုတ်လုပ်ရေးက ထုတ်လုပ်ကာ ဝတ္ထုဇာတ်လမ်းကို ဒေါက်တာမြမြဝင်းက ဖန်တီး၍ ဇာတ်ညွှန်းကို အကယ်ဒမီ ကိုကိုလေးက ရေးသားသည်။

ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်းက တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးနှင့် တွဲဖက်၍ အစအဆုံး တာဝန်ယူ ရိုက်ကူးပေးခဲ့ပြီး အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ ကင်းကောင်နှင့် သရုပ်ဆောင်သစ် ရွှေသွေးတို့ ပါဝင်လှုပ်ရှားထားကြသည်။ မြန်မာသရုပ်ဆောင်များနှင့်အပြိုင် ဂျပန် သရုပ်ဆောင်များကလည်း သက်ဆိုင်ရာ အခန်းကဏ္ဍများမှ အံဝင်ခွင်ကျ သရုပ်ဆောင်ထားကြသည်။

ဒုတိယပတ် ဆက်လက်ပြသ အောင်ပွဲခံလျက်ရှိသော "ချစ်ခြင်းငယ်ပြိုင်"ဇာတ်ကားမှ ရွှေသွေး၊ စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်မှု မြင်ကွင်း။

ပြသဆဲ "ကျန်စစ်မင်း" ဆေးရောင်စုံဇာတ်ကားမှ ကျန်စစ်မင်းအဖြစ် သရုပ်ဆောင်ထားသည့် လူမင်းနှင့် မဏိစန္ဒာအဖြစ် သရုပ်ဆောင်သူ ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်မှုကိုတွေ့ရစဉ်။

ကျန်စစ်မင်း

ဇေရက် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးသိန်းလှိုင်(ဘီအေ)၏ ဇာတ်လမ်းကို မြင့်ဦးဦးမြင့်နှင့် မြမြင့်မိုရ်တို့ ဇာတ်ညွှန်းရေးသားကာ လူမင်းကိုယ်တိုင် ဒါရိုက်တာအဖြစ်သာမက သရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးထားသည့် မြန်မာ့သမိုင်းနောက်ခံပြု ပုဂံခေတ် သူရဲကောင်းကျန်စစ်သား၏ ဇာတ်လမ်းဖြစ်သည်။ မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်၊ မြတ်နိုးဖွယ် သူရဲကောင်းတစ်ဦး၏ ဇာတ်လမ်းဖြစ်၍ ပရိသတ်များ၏ အားပေးမှုကို ခံယူနေရဆဲဖြစ်သည်။

လူမင်း၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှိုင်ဖြူဖြူထွဏ်းနှင့် ညွန့်ဝင်းတို့ ခေါင်းဆောင်ပါဝင်ကြကာ ရွှေဆောင်ရုံတွင် ပြသနေသည်။

နေပြည်တော်ရုံတွင်ပြသဆဲ Kung Fu Hustle ဇာတ်ကားဆက်လက်ပြသနေသည်။ Stephen Chow က ဇာတ်ညွှန်း၊ ဒါရိုက်တာနှင့် သရုပ်ဆောင်အဖြစ်ပါဝင်ရိုက်ကူးထားသည့် တော်လှန်ရေးမတိုင်မီကာလ လူဆိုးဂိုဏ်းများ မင်းမူခဲ့ပုံကို ကွန်ဖူးပညာ အသားပေး ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

(ကြေးမုံ)

အပြင်းစားရိုက်ချက်

ရန်ကုန် ဇွန် ၂၇

စိန်သရဖူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးကျော်ဝဏ္ဏစီစဉ်သော ဂေါက်ကြီး၏ဇာတ်လမ်းကို မြတ်ခိုင်ဇာတ်ညွှန်းရေးသား၍ မိုက်တီးရိုက်ကူးသည့် **အပြင်းစားရိုက်ချက်** ဟာသဇာတ်ကားမှာ မကြာမီ ရုံတင်တော့မည် ဖြစ်သည်။

ထိုဇာတ်ကားတွင် လွင်မိုး၊ တင့်တင့်ထွန်း၊ ထွန်းထွန်းနိုင်၊ မိုးဒီ၊ ခင်လှိုင်၊ ကင်းကောင်၊ ဖိုးဖြူနှင့် ဧရာတို့ ခေါင်းဆောင်ပါဝင်သည်။ **(ကြေးမုံ)**

မကြာမီ ရုံတင်တော့မည့် "အပြင်းစားရိုက်ချက်"ဇာတ်ကားသစ်မှ လွင်မိုးနှင့် ခင်လှိုင်။

မြန်မာ-ဂျပန် စာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်

ရန်ကုန် ဇွန် ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ နိဘူတာကဲ့အိုဒါနိတို့သည် ယနေ့ နံနက် ၁၀နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ စာချွန်လွှာလေးရပ်ကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

အဆိုပါ စာချွန်လွှာများအရ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်၊ မြန်မာနိုင်ငံ အပူပိုင်းဒေသ သစ်တော စိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ စီမံချက်နှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မြန်မာ-ဂျပန် ဇပဟိုဌာန တည်ဆောက်ရေးစီမံချက်တို့အတွက် အကူအညီများ ပေးမည်ဖြစ်သည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် မြန်မာဘက်မှ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ နိဘူတာကဲ့အိုဒါနိတို့ မြန်မာ-ဂျပန် စာချွန်လွှာများ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဂုဏပူဇာသဘင်နှင့် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၇

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ဆရာတော် အပါအဝင် ဘွဲ့ရဆရာတော် ငါးပါးအား ပူဇော်ဂုဏ်ပြုသည့် ဂုဏပူဇာသဘင်နှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မော်ကျွန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကို ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၆)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်၌ ဇူလိုင် ၉ရက်(စနေနေ့) နံနက် ၉နာရီ၌ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင် သားသမီးများအမည်စာရင်းနှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးသိန်းလှိုင် ဖုန်း-၂၂၀၆၁၉၊ ဒု-ဥက္ကဋ္ဌ ဦးသောင်းညွန့် ဖုန်း-၂၄၁၁၅၇နှင့် အတွင်းရေးမှူး ဦးစိုးပိုင် ဖုန်း-၃၇၅၆၈၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(က-ပ)

အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၀၅ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားတံခွန်စိုက် အလေးမပြိုင်ပွဲကို ယမန်နေ့ နံနက် ၈နာရီမှ စတင်၍ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ကြည့်ရှု အားပေးသည်။

ပြိုင်ပွဲများအဖြစ် အမျိုးသမီး (၄၈)၊ (၅၃)၊(၅၈)ကီလိုတန်းပွဲစဉ်များ ကျင်းပပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အလေးမ အားကစားနည်းတာဝန်ခံနာယက ဒေါ်ဝင်းရွှေ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် အလေးမ အားကစားနည်း တာဝန်ခံနာယက ဒေါ်ကြူကြူဝင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးတို့က အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ကြေးမုံ)

ဇွန် ၂၆ ရက်က ၂၀၀၅ ခုနှစ် သတ္တမ အကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက် အလေးမပြိုင် ပွဲ ကို အောင်ဆန်းအားကစား ကွင်း၌ ကျင်း ပ ရာ အမျိုးသမီး ပြိုင်ပွဲဝင် တစ်ဦး ယှဉ် ပြိုင် စဉ်။ (ကြေးမုံ)

တိုင်းသံဃာ့ဝန်ဆောင် ဆရာတော် ရွေးချယ်

ရန်ကုန် ဇွန် ၂၇

ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်နှင့် တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် အစားထိုးရွေးချယ်ပွဲကို ယနေ့ မွန်းလွဲ ၂နာရီက တိုင်းသံဃနာယကရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လာဘိဝံသ (ဒက္ခိဏာရာမ) ... ထိုနောက် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အဖြစ် သုဓမ္မာတိုက်ကျောင်းမှ ဆရာတော် ဘဒ္ဒန္တဝါယမအားလည်းကောင်း၊ တိုင်းသံဃာ့ဝန်ဆောင် ဆရာတော်အဖြစ် ညောင်တုန်းကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသီလာစာရအား လည်းကောင်း ရွေးချယ်သည်။ (က-ပ)

ပထမတန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ လျှပ်စစ်စွမ်းအားအသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဇွန် ၂၇

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်းကွင်းပိတ်ရှုံး/ထွက်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

ဇူလိုင် ၁ရက် ညနေ ၃နာရီခွဲတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယင်းဘောလုံးကွင်း၌ ဗိုလ်လုယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇွန် ၂၇

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန်လ ၂၈ ရက်ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

အချိုမှုန့်

Monosodium Glutamate (MSG)

စားသုံးခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

၁။ ယခင်က သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊အသား၊ငါးတို့ကို သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါတွင် သဘာဝမဟုတ်သည့် အချိုမှုန့်ကို အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲလာကြပါသည်။

၂။ အချိုမှုန့်တွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသောဓာတ်များ ပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အချိုမှုန့်ကို စားသုံးခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်-

- **ပန်းနာရင်ကျပ်ရောဂါ**
- **အရေပြားယားယံခြင်း၊ အပိမ့်ထွက်ခြင်း**
- **နှလုံးရောဂါနှင့်တူသော ရင်ဘတ်အောင့်ရောဂါ**
- **သွေးတိုးရောဂါ**
- **နှလုံးရောဂါ**
- **နှလုံးခုန်စေခြင်း**
- **စိတ်ကယောင်ချောက်ချားဖြစ်ခြင်း**
- **ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါရှိသူများတွင် ကိုယ်ဖောရောင်ခြင်း**

၃။ သို့ပါ၍ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည်တို့ကို သဘာဝအတိုင်း ချက်ပြုတ် ပြင်ဆင်စားသောက်ကြပါရန်နှင့် အချိုမှုန့်ကိုထည့်သွင်းစားသောက်ခြင်း မပြုကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကွန်ဖက်ဒရေးရှင်းဖလားပွဲ အာဂျင်တီးနား ဗိုလ်လုပွဲတက်

ဟန်နိုဗာ ဇွန် ၂၆

ဂျာမနီနိုင်ငံတွင်ကျင်းပသည့် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ အာဂျင်တီးနားကမက္ကဆီကိုအသင်းကို ပိုင်နယ်တီအဆုံးအဖြတ်ကန်ပြီး အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။ အာဂျင်တီးနားအသင်းသည် ဇွန် ၂၉ရက်တွင် ဘရာဇီးအသင်းနှင့် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာဂျင်တီးနားအသင်းနှင့် မက္ကဆီကိုအသင်းတို့သည် မိနစ် ၁၂၀ ကစားပြီးသည့်တိုင်အောင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေခဲ့ကြသည့်အတွက် ပွဲအနိုင်အရှုံးကို ပိုင်နယ်တီကန်ကာ အဆုံးအဖြတ်ရယူခဲ့ရသည်။ အာဂျင်တီးနားအသင်းအတွက် အနိုင်ဂိုးကို အက်စတီဘန်ကမ်ဘီအာဆိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံး ရေကုန်ရေခန်းကစားကြရသည့် ပွဲကျပ်တစ်ပွဲဖြစ်သည်။ အချိန်ပို ၁၄ မိနစ်တွင် မက္ကဆီကိုအသင်းမှ ကားလို့စ်ဆာလ်ဆီဒိုကန်သွင်း၍ တစ်ဂိုးရပြီး အာဂျင်တီးနားမှ လူစီအာနိုဖီဂူရိုအာက အချိန်ပိုမိနစ် ၁၁၀ တွင် ချေပဂိုးသွင်းသဖြင့် တစ်ဂိုးစီဖြစ်သွားသည်။

နှစ်သင်းစလုံးသည် တစ်ဦးစီ အထုတ်ခံရ၍ အချိန်ပိုကစားကြရာတွင် တစ်ဖက်လျှင် ကစားသမား ၁၀ဦးနှင့်သာ ကစားခဲ့ကြရသည်။

(အင်တာနက်)

အာဂျင်တီးနားအသင်းမှ ဂိုးသမားလပ်စ်က မက္ကဆီကိုအသင်းမှ ရီကာဒို ကန်သွင်းသည့် ပိုင်နယ်တီဘောလုံးကို ကာကွယ်လိုက်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ

၂၀၀၅ - ခုနှစ်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်သည် တပ်မတော်၏ ဦးဆောင်မှုကိုခံယူ နိုင်ငံတော်စီမံကိန်းကြီးများတွင် တတ်စွမ်းသမျှ ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိ နိုင်ငံအဝန်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်း ၈၁၄၄ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့

သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ပထမနေ့အစည်းအဝေးသို့ တက်ရောက်ကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

စစ်မှုထမ်းဟောင်းညီလာခံ ကိုယ်စားလှယ်များအား အငြိမ့်ဖြင့် ကပြဖျော်ဖြေ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ညီလာခံ(၂၀၀၅) ညှော်ခံကျွေးမွေးရေး၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေးနှင့် လေ့လာရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ပြည်နယ်နှင့်တိုင်းများမှ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ညီလာခံ(၂၀၀၅)သို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များအား ယနေ့ည ၇နာရီတွင် ကိုယ်စားလှယ်များတည်းခိုရာ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)၌ ရွှေဝါဝင်း အငြိမ့်ဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ယင်းသို့ ဖျော်ဖြေတင်ဆက်ရာတွင် မင်းသမီး မေမဥ္ဇူနှင့် ရွှေရည်ဝင်းတို့ ခေါင်းဆောင်သည့် အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အငြိမ့်သဘင်တို့ဖြင့် ကပြဖျော်ဖြေကြရာ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

▶ *ဤနိုင်ငံတွင်မွေး၊ ဤနိုင်ငံတွင်ကြီး၊ ဤနိုင်ငံတွင် ပညာသင်၊ ဤနိုင်ငံမှာပင်နေထိုင်ကာ မိမိဘဝတိုးတက်ရေး (အတ္တ)နှင့် နိုင်ငံသားအားလုံးဘဝ တိုးတက်ရေး (ပရ)တို့ကို မျှတစွာ ဆောင်ကြဉ်းတတ်သော သားသမီး၊ အကျင့်သိက္ခာကောင်းမွန်သော သားသမီး၊ နိုင်ငံနှင့်လူမျိုးအပေါ် သက်ဆုံးတိုင် သစ္စာစောင့်သိသောသားသမီး၊ ဥပဒေ၊ စည်းကမ်း၊ ကျင့်ဝတ်စောင့်ထိန်းသော သားသမီးများဖြစ်စေချင်၍ သားသမီးများကို မျက်စိအောက်မှာပင် အရိပ်တကြည့်ကြည့်နှင့် စောင့်ရှောက်ပျိုးထောင်ခဲ့ပါသည်။*

နန်းမြတ်သူ၏ **"အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ ဖြောင့်တန်းစွာ လျှောက်လှမ်းနေသော မြန်မာအမျိုးသမီးများ"** ဆောင်းပါး(စာမျက်နှာ-၆)

ကျင်းပ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ပထမနေ့ အစည်းအဝေးကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်း စင်တာ၌ ကျင်းပစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)